# သတင်းလွှာ





အတွဲ(၄)၊အမှတ်(၉)။

၂၀၁၀ ခုနှစ်၊ဇန်နဝါရီလ(၂၉)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## အခမဲ့ယူပင်အသုံးပြုနိုင်သည့် နက္ခတ်ဗေဒင် ဝက်ဘ်ဆိုက်များစတင်အသုံးပြုနိုင်ပြီ

၂၀၁၀ပြည့်နှစ်အတွင်း နဒီနက္ခတ်ပညာရှင်များ အဖွဲ့က အခမဲ့ယူပင်အသုံးပြုနိုင်သော ကလေးမွေးဖွားခြင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ မင်္ဂလာဆောင်၊ အိမ် ခြံ မြေကားဝယ်ယူရေးဆိုင်ရာ ဝက်ဘ်ဆိုက်အသစ်များရေးဆွဲကာ အင်တာနက်မှ တစ်ဆင့်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့၏ ဒုတိယဥက္ကဌဦးဇေယျာကိုက ပြောသည်။ အထက်ပါဝက်ဘ်ဆိုက်၄ခုအနက် ကလေးခွဲစိတ်မွေးဖွားခြင်း ဆိုင်ရာဝက်ဘ်ဆိုက်နှင့်စီးပွားရေးစတင် ထူထောင်သင့်သည့်အချိန်ကိုရွေးချယ်ပေးသော ဝက်ဘ်ဆိုက်၂ခုမှာ ၂၀၀၉ခုနှစ်ကတည်းက ရေးဆွဲထားသော ဝက်ဘ်ဆိုက်များဖြစ်သည်။ ရှိရင်းစွဲဝက်ဘ်ဆိုက်များအပေါ် အခြေခံကာယခင်က ထက်ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်ရန် ပြင်ဆင်ထားသည်ဟုလည်းသိရသည်။ ယင်းဝက်ဘ်ဆိုက်၂ခုကို ယခုနှစ်ဖေဖော်ဝါရီအတွင်းစတင်အသုံးပြုနိုင်မည်ဖြစ်ပြီးကလေးခွဲစိတ်မွေးဖွားခြင်းအတွက်www.bomhildmyanmar.bravehost.com စီးပွားရေးစတင်ထူထောင်သင့်သည့်အချိန်ကို ရွေးချယ်နိုင်သော ဝက်ဘ်ဆိုက်အတွက် www.luckybusinessmuanmar.com တို့ဖြစ်ပြီးဝက်ဘ်ဆိုက်လိပ်စာများကိုပြုပြင်ပြောင်းလဲထားခြင်း ဖြစ်သည်ဟု ၎င်းကပြောသည်။ မင်္ဂလာလက်မှတ်ရေးထိုးသင့်သည့်အချိန်ကို ရွေးချယ်ခြင်းဝက်ဘ်ဆိုက်နှင့်အိမ်ခြံမြေကားအရောင်းအဝယ်စာချုပ်တို့ကိုလက်မှတ်ရေးထိုးရန်သင့်လျော်သောအချိန်တို့ကိုဖော်ပြပေးထားသည့် ဝက်ဘ်ဆိုက်တို့မှာ ယခုနှစ် ဇူလိုင်လမှာမှ စတင်၍အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။ အသုံးပြုနိုင်သောလိပ်စာတို့မှာwww.mingalartimemyanmar.com(မင်္ဂလာလက်မှတ်ရေးထိုးရန် အချိန်ရွေးချယ်သော ဝက်ဘ်ဆိုက်) နှင့် www.goodtimemyanmar.com (အိမ်ခြံမြေကားအရောင်းဝယ် စာချုပ်လက်မှတ်ရေး ထိုးရန်အချိန်ရွေးချယ် လက်မှတ်ရေးထိုးရန်အချိန်ရွေးချယ်သောဝက်ဘ်ဆိုက်) တို့ဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ၂၈ရက်နေ့ထုတ် Popular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရေကို လောင်စာအဖြစ် ကားများတွင် တွဲဖက်မောင်းနှင်ခြင်းနည်းပညာ မြန်မာအင်ဂျင်နီယာ တီထွင်လိုက်ပြီ ရေတစ်မျိုးတည်းဖြင့် တစ်လုံးထိုးအင်ဂျင်မောင်းနှင်ခြင်းသုတေသန လာမည့်ဖွန်တွင် ပြီးမြောက်မည်

လောင်စာဆီနှင့် ရေကို မော်တော်ယာဉ်များ၌ ပူးတွဲမောင်းနှင်ခြင်းဖြင့် ဆီစားနှုန်းနှင့် လေထုညစ်ညမ်းမှုများစွာသက်သာစေသည့် နည်းပညာကို မြန်မာနိုင်ငံ၌ တီထွင်နိုင်ခဲ့ပြီဖြစ်သလို ရေတစ်မျိုးတည်းဖြင့် တစ်လုံးထိုးအင်ဂျင်များကို မောင်းနှင်၍ရသည့်နည်းပညာကိုလည်း ဖွန်လဝန်းကျင်၌ တီထွင်မှုပြီးမြောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ လောင်စာဆီနှင့် ရေပူးတွဲမောင်းနှင်ခြင်းမှာ ရေမော်လီကျူးထဲတွင်ပါဝင်သော အောက်ဆီဂျင်အက်တမ်နှင့် ဟိုက်ဒရိုဂျင်အက်တမ်အား HHO ဂက်စ်အဖြစ် လျှပ်စစ်ဓာတ်ဖြိုခွဲနည်းစဉ်သုံး၍ ရေမှဓာတ်ခွဲထုတ်ယူခြင်းဖြစ်ပြီး ၎င်းရေဓာတ်ငွေ့(Water Gas)ကို bubbler ကြားခံကာ မော်တော်ယာဉ်၏ သန့်ရှင်းစနစ်(Air Cleaner)ထဲသို့ ထည့်သွင်း၍ အင်ဂျင်အတွင်း၌ လောင်စာဆီနှင့်အတူ လောင်ကျွမ်းစေခြင်းဖြစ်သည်။ ရေဓာတ်ငွေ့ဖြင့် ပူးတွဲမောင်းနှင်ရန် ဒီဇယ်နှင့် ဓာတ်ဆီအင်ဂျင်များကို လုံးဝ ပြုပြင်စရာမလိုကြောင်း၊ စမ်းသပ်ချက်များအရ အဝေးပြေးလမ်းများ၌ လောင်စာဆီစားနှုန်း ၇၂ရာခိုင်နှုန်းခန့် လျော့ကျသွားကြောင်း အဆိုပါနည်းပညာကို တီထွင်သူ အင်ဂျင်နီယာ ဦးကျော်ကျော်က ပြောသည်။ ထို့ပြင် အင်ဂျင်စွမ်းအင် နှစ်ဆမှ သုံးဆအထိ တိုးမြင့်လာခြင်း၊ ဟိုက်ဒရိုကာဗွန်ခေါ် ကာဗွန်ချေးများအား လောင်ကျွမ်းသွားသောကြောင့် အင်ဂျင်အတွင်းပိုင်း သန့်ရှင်းစင်ကြယ်လာသဖြင့် အင်ဂျင်သက်တမ်း ပိုမို ကြာရှည်လာခြင်းနှင့် ဘေးထွက်ပစ္စည်းမှာ ရေခိုးရေငွေ့သာ ထွက်ရှိခြင်း စသည့်အကျိုးကျေးဇူးများလည်းရရှိမည်ဟု သိရသည်။ ယခုနည်းပညာသည်အမေရိကား၌၁၉၈၁ခုနှစ်ကတည်းက ပေါ်ထွန်းခဲ့ခြင်းဖြစ်ပြီး ၂၀၀၅ခုနှစ်နောက်ပိုင်းမှသာ ကျယ်ပြန့်စွာ အသုံးပြုကြခြင်းဖြစ်သည်။ အာရှနိုင်ငံများထဲမှ မလေးရှားနှင့် ထိုင်းတွင်လည်း သုံးနေကြပြီဟု သိရသည်။ ၎င်း နည်းပညာနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ တည်ထွင်မှုမှာ နိုင်ငံခြားထုတ် ပစ္စည်းများကို တစ်စစီဖြုတ်တပ် အတုယူ၍ ပုံစံတူ တီထွင်ခြင်းမဟုတ်ကြောင်း ယင်းသို့ ပြုလုပ်ပါကလည်း မတူညီသော ကားအမျိုးအစားများနှင့် မတူညီသော ရာသီဥတုကြောင့် အောင်မြင်မည်မဟုတ်ကြောင်း၊ ယခုထုတ်လုပ်မှုမှာ သီအိုရီပိုင်းကိုသာ လေ့လာမှုပြုပြီး မိမိ၏ ကိုယ်ပိုင်ဒီဇိုင်းဖြင့်မိမိတို့နိုင်ငံအခြေအနေနှင့်လိုက်လျောညီထွေအောင် တီထွင်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းနည်းပညာအတွက် တပ်ဆင်ရမည့် အဓိကပစ္စည်းများမှာ PWM Water Gas Vontroller, Cell ထုတ်ပေးမည့် Dry Cell၊ ရေဘူး၊ ရေကို သန့်စင်ပေးခြင်းစနစ်၊ ပန့်နှင့် အပူတိုင်းကိရိယာတို့ဖြစ်ပြီး စုစုပေါင်းကုန်ကျစရိတ်မှာ ကားအကြီးအသေးအလိုက် ကျပ်၁၀သိန်းဝန်းကျင်ရှိသည်ဟုဆိုသည်။ ၎င်းနည်းပညာကို တန်၃၀အောက် ကားများတွင် စိတ်ချစွာအသုံးပြုနိုင်ပြီဖြစ်သော်လည်းမည်သည့်နည်းပညာမဆိုဆီလိုအပေါက်ရာတတ်သောမဆိုသလောက်အားနည်းချက်များရှိနိုင်သောကြောင့် ပိုမိုစိတ်ချရသောအဆင့်သို့ရောက်အောင် ဆက်လက်စောင့်ကြည့်စမ်းသပ်နေသေးကြောင်း၊ စီးပွားရေးအရ အမြတ်အစွန်းရရန်ရည်ရွယ်၍ သုတေသန ပြုခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံသားအင်ဂျင်နီယာများ၏ ဂုဏ်ကိုလိုချင်၍ သုတေသနပြုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ထုတ်လုပ်ပြီးသားပစ္စည်း ၁၀၀ကျော်ရှိနေပြီဖြစ်သော်လည်း အော်ဒါမှာခြင်းကိုသာ တစ်နှစ်အာမခံဖြင့် လက်ခံမည်ဟု စဉ်းစားထားကြောင်း၊ ၎င်းနည်းပညာကို မော်တော်ယာဉ် သာမက မီးစက်များ၌ပင် ထည့်သွင်းအသုံးပြုနိုင်ကြောင်း ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ဖွင့်ခွင့်ရမည့် ပုဂ္ဂလိကကျောင်းများ၏ သင်ရိုးနှင့် အခြေခံသတ်မှတ်ချက်များသည် အစိုးရကျောင်းများနှင့် တန်းတူဖြစ်

၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ဖွင့်ခွင့်ရမည့် ပုဂ္ဂလိကကျောင်းများ၏ သင်ရိုးနှင့် အခြေခံသတ်မှတ်ချက်များသည် အစိုးရကျောင်းများနှင့် တန်းတူဖြစ်ကြောင်း အခြေခံပညာရေးအသိုင်းအဝိုင်းမှ စုံစမ်းသိရှိရပါသည်။ ပုဂ္ဂလိကကျောင်း တက်ရောက်ခွင့်အား ပဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ အစိုးရ သင်ရိုးညွှန်းတမ်းများအတိုင်း သတ်မှတ်ထားကာ ကျောင်းဝတ်စုံသည်လည်း အစိုးရကျောင်းများနှင့်တန်းတူ ရှိရင်းစွဲဝတ်စုံအတိုင်းပင် တစ်ပြေးညီဖြစ်ပြီး စာမေးပွဲစစ်ဆေးခြင်းကို ဒသမတန်းတစ်ခုတည်းသာ အစိုးရကျောင်းများတန်းတူစစ်ဆေးသွားမည်ဟု သိရှိရပါသည်။ ပုဂ္ဂလိကကျောင်းများနေဖြင့် ကျောင်းပရိဝုဏ်၌ဘောလုံးကွင်း၊ မာလ်တီမီဒီယာခန်း၊ဘာသာစကားသုံးစွဲနိုင်သည့်အခန်း၊စာကြည့်တိုက်၊ ကျောင်းအုပ်ကြီးရုံးခန်း၊ ကျောင်းသားရေးရာဌာနများအပြင် တက္ကသိုလ်ဝင်တန်းတွင် သတ်မှတ်ရာခိုင်နှုန်းအတိုင်းအောင်မြင်ရမည်ဖြစ်ကာ အောင်မြင်ခြင်းမရှိပါက ကျောင်းဖွင့်ခွင့် ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း စုံစမ်းသိရှိရပါသည်။ ပုဂ္ဂလိကကျောင်းများ ချထားခွင့်ဆိုင်ရာများနှင့် ပတ်သက်၍လည်း စီးပွားရေးလုပ်ငန်းရှင်များထဲမှ ပညာရေးစိတ်ပါဝင်စားသူများက ရင်းနှီးမြှုပ်နှံမှုစတင်နေကြပြီဖြစ်ကြောင်း ပုဂ္ဂလိကကျောင်းဖွင့်ခွင့်ရရန် ကြိုးပမ်းနေသူတစ်ဦးက ပြောပြခဲ့ပါသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် ပုဂ္ဂလိက၏ အခန်းကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူတစ်ရပ်ဟု ယူဆနိုင်ပေရာ ယင်းအပေါ်တွင် လူတန်းစားမရွေးပါဝင်နိုင်သည့် ပညာရေးဖြစ်လာနိုင်စေရန် အဆိုပါပုဂ္ဂိုလ်က ကျောင်းဖွင့်ခွင့်ရသူများအနေဖြင့် ထည့်သွင်းစဉ်းစားသင့်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၉ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## ငွေတိုက်စာချုပ်များရောင်းချခြင်းကြောင့်မြန်မာငွေကြေးဆက်လက်ခိုင်မာဖွယ်ရာရှိနေ

ယခုအခါမြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေသည့် အစိုးရဘဏ်ငွေတိုက်စာချုပ်များရောင်းချနေခြင်းက မြန်မာငွေကြေးဆက်လက်ခိုင်လာဖွယ်ရာရှိနေကြောင်းစီးပွားရေး လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒိုင်းမွန်းဦးရွှေကြည်ကပြောကြားသည်။ "အခုဆိုရင်FEC က ဒေါ်လာထက်ပိုလာတယ်။ ဈေးပိုမြင့်လာတယ်။ ပြည်တွင်းသုံးငွေခိုင်လာတာ အဲဒါဥပမာပြတာပဲ။ ဇင်ဘာဘွေနိုင်ငံမှာ ငွေကြေးကအဆပေါင်းသန်းနဲ့ချီပြီးဖောင်းပွလာတယ်။ ဒီမှာက အဲဒီလိုမဟုတ်ဘူး၊ ရှားပါးပုံမပေါ်တော့ဘူး။ ပြည်တွင်းထုတ်ကုန်တွေ ရောင်းချလာရလို့ နိုင်ငံခြားငွေလည်းအများအပြားရှိလာပုံပေါ်တယ်။ တဖြည်းဖြည်းဆက်လက်ပြီး ငွေကြေးပိုခိုင်သွားဖို့ရှိတယ်။ အပေါင်းလက္ခဏာဆောင်လာတယ်"ဟု ၎င်းကရှင်းပြသည်။ ယခု ၂၀၁၀ခုနှစ် ၊ဇန်နဝါရီ ၁ရက်မှ စတင်ကာ အစိုးရဘဏ်ငွေတိုက်စာချုပ်များကို ရောင်းချပေးခဲ့ရာ ငွေကြေးအခြေအနေကို နားလည်ကြသည့် လုပ်ငန်းရှင်များက ဝယ်ယူမြှုပ်နှံကြသော်လည်း အချို့မှာယခုအထိ သဘောမပေါက်သေးသူများ လည်းရှိကြောင်းသိရသည်။ ငွေကြေးပမာဏ အင်အားကြီးမားစွာကိုင်ဆောင်လုပ်နေသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများမှာ အကျိုးအမြတ်များစွာရရှိပြီး ယုံကြည်စိတ်ချရသော လုပ်ငန်းအခြေအနေတွင် မြှုပ်နှံလိုကြခြင်းကြောင့် ငွေတိုက်စာချုပ်များရောင်းချပေးလာမှုက ၎င်းတို့စိတ်ချစွာမြှုပ်နှံရန် အခြေအနေကောင်းများပိုင်ဆိုင်လာခဲ့ခြင်းဖြစ်သည်။ ထိုသို့နိုင်ငံအတွင်း ငွေကြေးဖြစ်ပေါ်မှုနှင့်ပတ်သက်၍ ငွေစက္ကူအသစ်ရိုက်နှိပ်ထုတ်ဝေခြင်း၊ လစာငွေများနှင့် ပတ်သက်၍ တိုးမြှင့်သတ်မှတ်ပေးသည့်အခါမျိုးများတွင် ပြည်တွင်းမှ ဝိသမလောဘဆန်သည့်လုပ်ငန်းရှင်တစ်စုကဈေးနှုန်းများမြင့်မားစေရန် လုပ်ဆောင်ခဲ့ကြသော်လည်း နိုင်ငံတော်တွင်ငွေကြေးစီမံခန့်ခွဲမှုကိုသက်ဆိုင်ရာက ချင့်ချိန်လုပ်ဆောင်နိုင်ခဲ့သလို စာနယ်ဇင်းများ၏ အချိန်နှင့်တစ်ပြေးညီပြည်သူကိုအသိပညာပေးမှုကလည်း ငွေကြေးဖောင်းပွမှုမဖြစ်စေဘဲ ငွေကြေးခိုင်မာလာစေခဲ့ခြင်းလည်းဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၁ရက်နေ့ထုတ် 24/7 News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကျပ်ငါးသိန်းတန်ဖုန်းများက လျှောက်လွှာပင်မလိုဘဲလက်ရေးမူဖြင့် လျှောက်နိုင်

ရန်ကုန်တိုင်းအတွင်း ငါးသိန်းတန်ဖုန်းဟုခေါ်သော စီဒီအမ်အေ ၈၀၀MHz ဖုန်းများသိန်းဂဏန်းထိအများပြည်သူများ ငှားရမ်းသုံးစွဲခွင့်ချထားပေးမည်ဖြစ်ပြီး၊ လျှောက်လွှာ ပုံစံမလိုဘဲ လက်ရေးမူနှင့်ပင်လျှောက်ထားနိုင်ကြောင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ သိရသည်။ အရင်ဖုန်းတွေလိုမျိုးဘယ်သူရဲ့ထောက်ခံချက်မှ မလိုဘူး။သက်ဆိုင်ရာ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွေကတစ်ဆင့် လျှောက်ထားနိုင်ပြီး ငွေကြေးတောင်းခံရင်အရေးယူမယ်ဟု ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။ လျှောက်ထားမှုများတွင် သန်းခေါင်စာရင်းမိတ္တူနှင့်မှတ်ပုံတင်မိတ္တူများနှင့်တကွပူးတွဲလျှောက်ထားရမည်ဖြစ်သည်။ စီဒီအမ်အေ ၈၀၀ MHz ငါးသိန်းတန်ဖုန်းများ၏ ပထမအသုတ်အဖြစ် အလုံးရေ ၂၆၀၀၀ကိုရန်ကုန်တိုင်းအတွင်းချထားပေးနေပြီး၊ ဇန်နဝါရီ၁ရက်မှစ၍ တောင်ဥက္ကလာမြို့နယ်မှစတင်၍ တခြားမြို့နယ်များသို့ဆက်တိုက် ချပေးနေလျက်ရှိသည်။ စီဒီအမ်အေ ၈၀၀ MHz ဖုန်းများကို နိုင်ငံသားတိုင်းလွတ်လပ်စွာလျှောက်ထားနိုင်သည်။ လျှောက်ထားမှုများကိုမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ တစ်ဆင့်စုစည်းပေးသွားမည်ဖြစ်သည်။ ယင်းဖုန်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှချထားဆောင်ရွက်ပြီး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်သည်။ စီဒီအမ်အေ ၈၀၀ MHz ဖုန်းများကိုချထားသုံးရန် ပြီးခဲ့သည့်နှစ်နိုဝင်ဘာလလောက်မှစ၍အသိပေးခဲ့ပြီး၊ယခင်စီဒီအမ်အေဖုန်းများ၊ ကမ်းရိုးတန်းဖုန်းများနှင့် စနစ်မတူဘဲကတ်စနစ်ဖြစ်သည်။ စီဒီအမ်အေ၈၀၀ MHz ဖုန်းများသည်ဝါယာလက်အော်တို( wireless Local loop)ဖြစ်ပြီး၊တယ်လီဖုန်းအခွန်ကြိုတင်ပေးဆောင်ရသည့် Prepaid Top Up Card စနစ်ဖြင့် ပေးဆောင်ရမည်ဖြစ်သည်။ တယ်လီဖုန်းသုံးစွဲသူသည် ကတ်ထည့်ရုံဖြင့်ဖုန်းအသုံးပြု၍ရရှိနိုင်မည်မဟုတ်ဘဲ Praepaid Top- Up Card စနစ်ဖြင့် ငွေကြိုတင်ဖြည့်သွင်းပြီးမှသာ ဆက်သွယ်မှုရရှိနိုင်မည်ဖြစ်သည်။ ဖုန်းများအတွက် ဖုန်းနံပါတ်များအနေဖြင့်ဂဏန်းရှစ်လုံးဖြစ်ပြီး၊ ဖုန်းအတွက်ဟန်းဆက်နှင့်အထိုင်ဖုန်းစသည်တို့အားသုံးစွဲသူမှ ကိုယ်တိုင်ဝယ်ယူအသုံးပြုကြရမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ ၂၈ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## နိုင်ငံတကာရှိ မြန်မာသံရုံးများ၊ မြန်မာနိုင်ငံရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးနှင့် လေဆိပ်များတွင် စက်ဖြင့်ဖတ်ရှုနိုင်သည့် ခရီးသွားအထောက်အထားများဆိုင်ရာစီမံကိန်းတစ်ရပ် အကောင်အထည်ဖော်ရန်ရှိ

နိုင်ငံတကာရှိ မြန်မာသံရုံးများ၊ မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့်မြန်မာနိုင်ငံကူးလက်မှတထုတ်ပေးရေးရုံးများတွင်စက်ဖြင့်ဖတ်ရှုနိုင်သည့်ခရီးသွားအထောက်အထားများဆိုင်ရာ စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်သွားရန်ရှိကြောင်း သတင်းရရှိပါသည်။ ယင်းစီမံကိန်းကို အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် စတင်သွားမည်ဖြစ်ပြီး စီမံကိန်းအရ လိုအပ်လျက်ရှိသည့်စက်များကို အဆိုပါကော်မတီကဝယ်ယူရန် တင်ဒါခေါ်ယူထားကြောင်းလည်း သိရသည်။ ယင်းစက်များကို မြန်မာနိုင်ငံရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(မနလ)တွင် သာမန်နိုင်ငံကူးလက်မှတ်၊ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်များ ထုတ်ပေးရေးလုပ်ငန်းစဉ်အတွက် တပ်ဆင်လည်ပတ်အသုံးပြုသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၉၂နိုင်ငံနှင့် သံတမန် ဆက်သွယ်ထားရှိထားပြီး နှစ်နိုင်ငံ အပြန်အလှန် သံတမန်ဆက်သွယ်၍ သံအမတ်ကြီးခန့်အပ်ထားရှိသောမြန်မာသံရုံး ၃၀ရှိကြောင်း သိရသည်။ ယင်းကြောင့် နိုင်ငံတကာရှိ မြန်မာသံရုံးများတွင်လည်း ပြည်ဝင်ခွင့်ဗီဇာများထုတ်ပေးခြင်းလုပ်ငန်းများ၌ အဆိုပါစက်ကို အသုံးပြုမည်ဖြစ်သည်ဟု သိရသည်။ ယင်းအပြင် မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်လေးခုတွင် နယ်ခြားလူဝင်မှုထိန်းချုပ်ရေးစနစ်အတွက် ခရီးသွားအထောက်အထားများအား စက်ဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သွားမည်ဖြစ်သည်ဟု သိရသည်။ မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပုဂံအပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ၌ ခရီးသွားအထောက်အထားများအား စက်ဖြင့်ဖတ်ရှုသည့်စက်ကို တပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဆန်စပါးအထူးပြုကုမ္ပဏီများ အများပိုင်ကုမ္ပဏီပြောင်းလဲမည်

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်ကြီးများဦးဆောင်၍ ၂၀၀၉ခုနှစ်အတွင်းက ဖွဲ့စည်းခဲ့သောဆန်စပါးအထူးပြုကုမ္ပဏီများသည်မကြာမီကာလတွင်ပိုမိုစည်းစနစ်ကျနစွာလုပ်ကိုင်လာနိုင်ပါက အများပိုင်ကုမ္ပဏီများပြောင်းလဲဖွဲ့စည်းလုပ်ကိုင်ရန်ရှိကြောင်းမြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌဦးချစ်ခိုင်က အများပိုင် ကုမ္ပဏီများပြောင်းလဲဖွဲ့စည်း လုပ်ကိုင်ရန်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌဦးချစ်ခိုင်က ဇန်နဝါရီလ၁၃ရက်က ရန်ကုန်မြို့ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင်ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ၂၀၀၉ခုနှစ်အတွင်း ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်တို့တွင် စိုက်ပျိုး ထုတ်လုပ်သူများကို အကူအညီပေးနိုင်ရန်အတွက်စတင်ဖွဲ့စည်းခဲ့ပြီးအဆိုပါကုမ္ပဏီများသည် ဒေသအသီးသီး၌ ဒေသခံတောင်သူများကို၂ရာခိုင်နှုန်းထက်မများသောအတိုးနှုန်းများဖြင့် ငွေထုတ်ချေးလျက်ရှိသည်။ ဖွဲ့စည်းပြီးဖြစ်သော မြန်မာနိုင်ငံမှ ဆန်စပါးအထူးပြု ကုမ္ပဏီ ၂၉ခုသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနယ်ပယ်တွင်ကျပ် ၁၅ဘီလီယံခန့်ပမာဏအထိ ပြီးခဲ့သည့်နှစ်အတွင်း ထောက်ပံ့နိုင်ခဲ့သည်ဟု မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌဦးအောင်သန်းဦး ကယင်းနေ့ရှင်းလင်းပွဲတွင်ပြောကြားသည်။ယနေ့မြန်မာနိုင်ငံ၏ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသောဈေးကွက်ကြီးတစ်ခုလုံးတွင် မြန်မာလယ်သမားများမှာ အကျိုးအမြတ် ၂၀ရာခိုင်နှုန်းခန့်သာရှိနေကာ ၈၀ရာခိုင်နှုန်းမှာ Transaction Costs ဟုခေါ်ဆိုသည့် အပိုဆောင်းစရိတ်များဖြစ်ပြီး ယင်းစရိတ်များကို ကူညီလျှော့ချနိုင်ရန် အထူးပြုကုမ္ပဏီများက ဆောင်ရွက်လျက်ရှိသည်ဟုကုမ္ပဏီများ၏ အဆိုအရသိရှိရသည်။ သို့ရာတွင်ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်ကြီးအချို့၏ ဆန်စပါးအထူးပြုကုမ္ပဏီများသည် အရှေ့တိုင်းပုံစံမိသားစု စီးပွားရေးလုပ်ငန်းအသွင်ပုံစံဖြင့်ဖွဲ့စည်းထားခြင်းဖြစ်၍ယင်းကဲ့သို့အများပိုင်ကုမ္ပဏီပြောင်းလဲရေးမှာခန့်မှန်းသလောက်မလွယ်ကူနိုင်ကြောင်း အထူးပြု ကုမ္ပဏီပြောင်းလဲရေးမှာ ခန့်မှန်းသလောက်မလွယ်ကူနိုင်ကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ ၂၅ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## Software & Solutions Exhibition 2010 ကျင်းပမည်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ပူးပေါင်းကာ software & Solution Exhibition 2010 ပြပွဲကို ဖေဖော်ဝါရီလ ၂၆ရက်နေ့မှ ၂၈ရက်နေ့အထိ ၃ရက်တိုင်တိုင် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ လှိုင်းတက္ကသိုလ်နယ်မြေအတွင်းရှိ Myanmar Info-Tech ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဆော့ဖ်ဝဲကုမ္ပဏီများ၏ ဈေးကွက်ရှာဖွေရေးလုပ်ငန်းများအား မြှင့်တင်ပေးရန်၊ solution များကို သီးသန့်ပြသခြင်းအားဖြင့် ဝယ်လိုသူမားကို အပြည့်အဝပြသနိုင်ခြင်းနှင့် လုပ်ငန်းကဏ္ဍအလိုက် တာဝန်ရှိအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန်တို့ဖြစ်ကြောင်းသိရသည်။ ပြပွဲကို ပြသရာတွင် software, Solutions, Training ကဏ္ဍများပြသထားမည့် ပြခန်းများကို Function Hall 1 & 2 Myanmar Info-Tech တွင် ထားရှိမည်ဖြစ်ပြီး software & Solutions များကိုပြသမည့် Product Presentation တို့ကိုမူ Conference Hall, Myanmar Info-Tech တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ပြခန်းပြသလိုသူများအနေဖြင့် ၁၅ပေx၁၅ပေ၊ ပြခန်းတစ်ခန်းလျှင် သုံးသိန်းကျပ်ဖြစ်ပြီး၊ Product Presentation တွင် ပါဝင်ပြသလိုသူများအနေဖြင့် မိနစ် ၃၀စာPresentationကိုငါးသောင်းကျပ်ပေးသွင်းရမည်ဖြစ်သည်။ Product Presentation များကို မနက်နှင့် ညနေ Session ၂ခုခွဲ၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ပြခန်းများကို ဦးရာလူစနစ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲပါဝင်ပြသလိုသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ဦး ဖုန်း-၀၉၅၀၀၁၀၉၆၊ ဈေးကွက်ရှာဖွေရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဖုန်း-၀၉၅၀ ၇၅၀၇၇၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဖုန်း-၀၉၅၀၀၇၁၆၆နှင့် ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ ဖုန်း-၀၉၅၀၀၀၂၆၃ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်သူ့ရင်ပြင်၌ မြန်မာနိုင်ငံ၏ပထမဆုံးရေပန်းရုပ်ရှင်ပြကွက်တစ်ခုပြသ

ရန်ကုန်မြို့တော်ပြည်သူ့ရင်ပြင်၌ မြန်မာနိုင်ငံ၏ ပထမဆုံးရေပန်းရုပ်ရှင်ပြကွက်တစ်ခုကိုစတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်းရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းကဇန်နဝါရီလ ၁၉ရက်တွင် ပြောကြားသည်။ အဆိုပါစီမံကိန်းကို လွန်ခဲ့သည့်လအနည်းငယ်ကစတင်ခဲ့ပြီး နောက်လေးလခန့်အကြာတွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ပြည်သူ့ရင်ပြင်ဥယျာဉ်တစ်ခုလုံးကို နိုင်ငံတကာအဆင့်မီအပန်းဖြေဥယျာဉ်ကြီးတစ်ခုအဖြစ်တည်ဆောက်မည်ဖြစ်ကြောင်း၊တည်ဆောက်ရေးလုပ်ငန်းများမှာမူ နောက်ထပ်သုံးနှစ်ဝန်းကျင်ကြာမြင့်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ယင်းစီမံကိန်းတွင်နိုင်ငံတကာအဆင့်မီရေပန်းရုပ်ရှင်၊ခေတ်မီကစားကွင်းလျှောစီးရေကန်၊စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ လှေစီးနိုင်မည့်ရေပြင်စသည်ဖြင့် ခေတ်မီအပြင်အဆင်များပါဝင်မည်ဟု ၎င်းကထပ်မံပြောကြားသည်။ စီမံကိန်းကြီးတစ်ခုလုံး၏ဒီဇိုင်းပုံကို တရုတ်ပညာရှင်များကရေးဆွဲပြီးတည်ဆောက်မှုကိုရန်ကုန်မြို့တော်စည်ပင်သာရေးကော်မတီ(YCDC) တစ်ခုတည်းက ဆောင်ရွက်၍ ကုန်ကျငွေကို ခန့်မှန်းမထားကြောင်းလည်း ၎င်းကဆိုသည်။ တည်ဆောက်ရခြင်းရည်ရွယ်ချက်မှာရန်ကုန်မြို့တော်အားနိုင်ငံတကာအဆင့်မီဖြစ်ရေးနှင့်ပြည်သူများစိတ်ချမ်းသာစွာအပန်းဖြေနိုင်ရေးအတွက်ဖြစ်ကြောင်း၊အားလုံးပြီးစီးပါက ရင်ပြင်၏ဝင်ကြေးကောက်ခံမှုအပိုင်းကို ပုဂ္ဂလိကထံ လေလံပေး၍သက်သာသောနှုန်းထားဖြင့်ကောက်ခံနိုင်ရန်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းရန်ကုန်မြို့တော်ဝန်က ပြောကြားသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီရေပန်းဥယျာဉ်တစ်ခုကိုနေပြည်တော်မြို့သစ်တွင် တည်ဆောက်ထားပြီး ရေပန်းရုပ်ရှင်သည် မြန်မာနိုင်ငံ၌ပထမဆုံးဖြစ်သည်။ ရွှေတိဂုံဘုရားနှင့် ပြည်သူ့လွှတ်တော်အဆောက်အအုံကြားရှိ ဧက၁၃၀ကျော်ကျယ်ဝန်းသည့် ပြည်သူ့ဥယျာဉ်နှင့်ပြည်သူ့ရင်ပြင်ကို ၁၉၈၇ခုနှစ် ဇန်နဝါရီလ ၄ရက်ကတည်းကဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၅ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာ-ဘင်္ဂလားဒေ့ရှ် ရေပြင်ပိုင်နက် သတ်မှတ်ညှိနှိုင်း

ဘင်္ဂလားပင်လယ်အော်အတွင်း ရေပိုင်နက်နှင့်ပတ်သက်၍ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးကို ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း ဇန်နဝါရီလ ၁၅ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြချက်အရ သိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့တွင် ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အထိကျင်းပသည့် ပဉ္စမကြိမ်မြောက် ပင်ဘယ်နယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာ ကျွမ်းကျင်သူများအစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီး ယင်းကိုယ်စားလှယ်အဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် အကြံပေးပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြသည်။ မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြားနှစ်နိုင်ငံရေပိုင်နက်အငြင်းပွားမှုပြဿနာကိုနှစ်နိုင်ငံလက်တွဲဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန်မစ္စတာ ခရူရှစ်အာလမ်က ပြောကြားသည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နှစ်နိုင်ငံရေပိုင်နက်သတ်မှတ်ရေးညှိနှိုင်းမှုများပြုလုပ်သွားမည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဖေသန်းဦးနှင့် ဘင်္ဂလားဒေ့ရှ် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီးတို့ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၉ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ တွေ့ဆုံစဉ်ကပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၅ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ရက်နေ့မှ ဖေဖော်ဝါရီလ ၃ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင်အများအားဖြင့် သာယာမည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နှစ်ရက်ခန့်နေရာကွက်ကျား မိုးရွာနိုင်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင်၁၅စင်တီမီတာ(ပေ၀က်ခန့်)လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာတို့တွင် ၁၅စင်တီမီတာ(ပေ၀က်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါ သည်။

# နိုင်ငံတကာသတင်း

## တရုတ်တွင် Google ၏ အမ Goojje ရှာဖွေရေးအင်ဂျင် စတင်

တရုတ်နိုင်ငံတွင် Goojje ဟု ခေါ်သော ရှာဖွေရေးအင်ဂျင်နှင့် လူမှုရေးနက်ဝက်အသစ်တစ်ခု စတင်ပေါ်ပေါက်လာပြီဖြစ်သည်။ Google နှင့် တံဆိပ်တူညီ၍ နောက်ရှိ jje အသံထွက်သည် မန်ဒါရင်းစကားအရ အမကြီးဟု အဓိပ္ပါယ်သက်ရောက်ပေသည်။ Goojje ရှာဖွေရေးအင်ဂျင်သည် တရုတ်နိုင်ငံ၏စည်းမျဉ်းများနှင့်အညီဆင်ဆာဖြတ်တောက်ပေးမည့် ဖြစ်သည်။ Google မှ တရုတ်နိုင်ငံ၏ စည်းမျဉ်းများကြောင့် တရုတ်မှ ထွက်ခွာရန်စီစဉ်ခဲ့သော်လည်း Site အသစ်ကြောင့် Google အား တရုတ်နိုင်ငံတွင် ဆက်လက်ရှိနေစေရန် တွန်းအားပေးလျက်ရှိသည်။ ကာလီဖိုးနီးယားအခြေစိုက် google သည် 2006 ခုနှစ်ကစ၍ တရုတ်နိုင်ငံတွင် စတင်ခဲ့ခြင်းဖြစ်သည်။ Goojje အသံထွက်သည် မန်ဒါရင်းစကားအရ အစ်မဟု အသံထွက်ပြီး Google သည်လည်း မန်ဒါရင်းစကားအရ အစ်ကိုဟု အသံထွက်ပေသည်။ ထို့ကြောင့် Goojje site တွင် "အစ်ကိုရဲ့ ထွက်သွားတော့မယ်ဆိုတဲ့အတွေးကို စွန့်ပြီး ညီမ အတွက်နေပေးမယ်ဆိုရင်တော့ အရမ်းဝမ်းသာတယ်" ဆိုတဲ့ စသားအား တင်ထားကြောင်း ရိုက်တာသတင်းဌာနက ဆိုသည်။ (ဘီဘီစီ)

## သီရိလင်္ကာနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အနိုင်ရ

ယမန်နေ့ကကျင်းပသော သီရိလင်္ကာနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ရာဂျာပက်ဆေးက အတိုက်အခံဖြစ်သူ ဖွန်ဆေးကာအား မဲအပြတ်အသတ်အနိုင်ရရှိ၍ ဒုတိယသက်တမ်းကို ဆက်လက်ထမ်းဆောင်မည်ဖြစ်သည်။ ဖွန်ဆေးကာသည် ၎င်း၏လုံခြုံရေးတပ်ဖွဲ့ကို အစိုးရက ဖျက်သိမ်းပြီးနောက် လုံခြုံရေးအတွက်စိုးရိမ်ရသဖြင့်အများပြည်သူ ရှေ့သို့ ထွက်ရောက်မလာပဲ ကိုလံဘိုမြို့တွင် ပုန်းရှောင်နေလေသည်။ ၎င်းက ရွေးကောက်ပွဲတွင် မသမာမှုများရှိသဖြင့် တရားရုံးချုပ်သို့ တင်ပြလျှောက်ထားမည်ဟု ပြောဆိုသည်။ လက်ရှိသမ္မတက နိုင်ငံတောင်ပိုင်းဒေသများတွင် အနိုင်ရ၍ ဖွန်ဆေးကာက နိုင်ငံမြောက်ပိုင်းဒေသများတွင် အနိုင်ရရှိခဲ့သည်။ (အေအက်ဖ်ပီ)

## စင်္ကာပူ၏ အရေးပေါ်ခရာမှုတ်အစီအစဉ်

လုပ်ငန်းခွင်အတွင်း မမှန်မကန်လုပ်မှုများ တွေ့ရှိသဖြင့် အသိစိတ်ဓါတ်ဖြင့် အထက်အဖွဲ့အစည်းသို့ အကြောင်းကြားသောအခါရုံဖန်ရံခါတိုင်ကြားသူအတွက်အလုပ်ထိခိုက်ခံရသည့် အခြေအနေမျိုးများ ရှိတတ်သည်။ ထို့ကြောင့် မမှန်မကန် လုပ်ရပ်များ မြင်တွေ့နေရသည့်တိုင် ရေငုံနှုတ်ပိတ် နေသည့်အကျင့် ဝန်ထမ်းများရရှိနေခဲ့သည်။ ပြန်လည်တင်ပြခွင့် လမ်းကြောင်းမရှိသဖြင့် မီဒီယာသို့ သတင်းပေးပို့သောအခါ ကုမ္ပဏီအတွက် ငွေကြေးအရှုံးများစွာဖြစ်ပေါ်သည့်အပြင် အသရေပျက်မှုနှင့်လည်း ကြုံရတတ်သည်။ အဆိုပါပြဿနာကို ဖြေရှင်းရန် စင်္ကာပူနိုင်ငံ Q2 အတိုင်ပင်ခံကုမ္ပဏီသည် ဝန်ထမ်းများက အန္တရာယ်ကင်းစွာ တိုင်ကြားနိုင်မည့် အရေးပေါ်ခရာမှုတ် ဟော့လိုင်း(Whistle Blowing hotline)တစ်ခုအင်္ဂါနေ့က တရားဝင်ဖွင့်လှစ်ပေးခဲ့သည်။ တိုင်ကြားသူသည် အမည်ဖော်၍လည်းကောင်း၊ မဖော်ပဲနှင့်လည်းကောင်း တိုင်ကြားနိုင်သည်။ ထိုအခါ ကုမ္ပဏီက လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ယခုအခါ ကုမ္ပဏီပေါင်း ၄၀ ကျော်က ယင်းအစီအစဉ်ကို လက်ခံကျင့်သုံးနေပြီဖြစ်သည်။ တိုင်ကြားသောအခါ အီးမေးလ်များ၊ SMS များကိုလည်းအသုံးပြုနိုင်သည်။ ဤသို့ တင်ကြို၍တိုင်ကြားအသိပေးခြင်းဖြင့် ကုမ္ပဏီအတွက်နှင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ကောင်းစွာကာကွယ်နိုင်မည်ဖြစ်သည်။ (အေအက်ဖ်ပီ)

## ဘင်လာဒင်၏ ခြိမ်းခြောက်တိပ်ခွေသစ် ထွက်ပေါ်လာ

အယ်လ်ကေးဒါးအဖွဲ့၏အကြီးအကဲဖြစ်သူ အိုစမာဘင်လာဒင်ထံမှဟု ယူဆရသောအသံသွင်းတိတ်ခွေတစ်ခုကိုအယ်လ်ဂျာဇီးယားရုပ်သံလွှင့်ဌာနကယမန်နေ့ကထုတ်လွှင့်ပြသခဲ့သည်။ ၎င်းတိတ်ခွေတွင် ဂါဇာဒေသရှိ ညီကိုသားချင်းများ ဒုက္ခကြုံတွေ့နေရချိန်တွင် အမေရိကန်ပြည်သူများကလုံခြုံအေးချမ်းစွာနေထိုင်နိုင်ကြသည်မှာတရားမျှတမှုမရှိကြောင်း၊ အမေရိကန်တို့က အစ္စရေးနိုင်ငံအား ထောက်ခံမှုပြုနေ သမျှ ကာလပတ်လုံး အကြမ်းဖက်တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဟု ဖော်ပြပါရှိသည်။ ၎င်းပြင် ပါလက်စတိုင်းဒေသ၌ လုံခြုံအေးချမ်းမှု မရမချင်း အမေရိကန်တို့အနေဖြင့် လုံခြုံစိတ်ချရေးကို အိမ်မက်မက်ခွင့်မပေးနိုင်ကြောင်း ပါရှိလေသည်။ အိမ်ဖြူတော် အကြံပေးအရာ ရှိက ၎င်းတိပ်ခွေသည် အမှန်တကယ်ဘင်လာဒင်၏ အသံဟုတ်မဟုတ် မသေချာကြောင်း၊ ၎င်းပြင် ယခင်အတိုင်း အပြစ်မဲ့လူသားများအား မညှာမတာတိုက်ခိုက်သတ်ဖြတ်ပြီးနောက် ကျိုးကြောင်းမဆီလျော်သည့် ဆင်ခြေဆင်လက်များ ပေးလေ့ရှိသည်ဟု ထုတ်ဖော်ပြောဆိုသည်။ အင်တယ်လ်ဌာနချုပ်ကမူ ယခုသတိပေးချက်သည် ၁၂ လအတွင်း အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်မည့် သဘောရှိသည်ဟု ထုတ်ဖော်ပြောဆိုသည်။ (ဘီဘီစီ)

## မယ်လမင်းဓါတ်ပါသော အစားအစာများ တရုတ်ကုမ္ပဏီသုံးခုတွင် တွေ့ရှိ

တရုတ်နိုင်ငံမှ ကုမ္ပဏီသုံးခုသည် မယ်လမင်းဓါတ်ပါဝင်သော စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချခဲ့ကြောင်း တွေ့ရှိရသည်ဟု နိုင်ငံပိုင်သတင်း မီဒီယာက တနင်္လာနေ့တွင် ထုတ်ပြန်ကြေငြာသည်။ ၎င်းတို့မှာ နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်မှ ဇီဘိုလူဆေးရား နို့ထွက်ပစ္စည်းကုမ္ပဏီ၊ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်မှ တိုင်လင်း ဂူဖေဒင်း အစားအစာကုမ္ပဏီနှင့် မြောက်ပိုင်းဟီဘေးပြည်နယ်မှ လောင်တင်းကိုင်ဒါကုမ္ပဏီတို့ဖြစ်ကြသည်။ ၎င်းကုမ္ပဏီများမှ ထုတ်လုပ်သောပစ္စည်းများတွင် ၂၀၀၈ ခုနှစ်က ပြဿနာဖြစ်ပွားခဲ့သော မသန့်ရှင်းသည့် နို့မှုန့်များပါဝင်နေဖွယ်ရှိသည်ဟု အရာရှိတစ်ဦးက ထုတ်ဖော်ပြောဆိုသည်။ ထုတ်လုပ်ထားသော ရေခဲချောင်းများတွင် စက်မှုသုံးဓါတုဆေးဝါးများ ခွင့်ပြုထားသည်ထက် ပိုမိုပါဝင်နေသည်ဟု ထုတ်ဖော်ပြောဆိုသည်။ (အေအက်ဖ်ပီ)

## ဆူမားတြားကျားအား အင်ဒိုနီးရှားတွင် အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူရန် ခွင့်ပြု

အင်ဒိုနီးရှား အစိုးရသည် ရှားပါးတိရစ္ဆာန်များ မျိုးတုန်းပျောက်ကွယ်မှုကို ကာကွယ်နိုင်ရန်အလို့ငှာ ဆူမားတြားကျားအား အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူရန် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း လွန်ခဲ့သော ကြာသပတေးနေ့က ဂျကာတာပို့စ်သတင်းစာတွင် ဖော်ပြထားသည်။ ယင်းခွင့်ပြုချက်အရ မွေးမြူလိုသူတို့သည် ကျားတစ်စုံလျှင် rupiah တစ် ဘီလီယံဖြင့် ဝယ်ယူရမည်ဖြစ်ပြီး နှစ်စဉ် အစိုးရထံ အခွန်ဆောင်ရမည်ဖြစ်သည်။ မွေးမြူလိုသူတို့သည် အနည်းဆုံး စတုရန်းမီတာ ၅၀၀၀ အကျယ်ရှိသော မြေနေရာကို ပိုင်ဆိုင်ရမည်ဖြစ်သည်။ ကျားပေါက်များအား Lampung ရှိ သားဖောက်စခန်းတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။ ဆူမားတြားကျား မျိုးတုန်းပျောက်ကွယ်ခြင်းအား ကာကွယ်ရန်မှာ အစိုးရ၏ ပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာ ကဏ္ဍတွင် ဦးစားပေးကိစ္စတစ်ရပ် ဖြစ်ပေသည်။ (ဆင်ဟွာ)

## မတ်လ ၂၇ ရက်နေ့တွင် ပြုလုပ်မည့် ကမ္ဘာ့ရာသီဥတုအထိန်းအမှတ်အစီအစဉ်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုအား မီးမှောင်ထိုးပြသည့် Earth Hour လှုပ်ရှားမှုအနေဖြင့် မတ်လ ၂၇ ရက်နေ့တွင် လူ သန်းပေါင်းများစွာတို့က လျှပ်စစ်မီး ငြိမ်းသတ်၍ တစ်နာရီကြာ အမှောင်ထုတွင်းတွင် နေထိုင်ကြမည်ဖြစ်သည်။ ယင်းလှုပ်ရှားမှုတွင် ကမ္ဘာတဝှမ်းရှိ မြို့ပေါင်း ၂၅၀ ခန့် ပါဝင်ခဲ့ကြပြီး ၂၀၀၉ ခုနှစ်၏ စွမ်းအင်ချွေတာရေးအစီအစဉ်တွင် ဆစ်ဒနီဟာဘား တံတားနှင့် နယူးယောက်အင်ပါယာပြည်နယ်အဆောက်အအုံတို့၏ အမှောင်ထုအတွင်း ဝင်ရောက်သွားမှုသည် သမိုင်းဝင်ဖြစ်ခဲ့ရသည်။ ယခုနှစ်အစီအစဉ်အား မတ်လ ၂၇ရက် စနေနေ့ ည ၈း၃၀ အချိန်တွင် စတင်မည်ဖြစ်သည်။ Earth Hour အစီအစဉ်အား ၂၀၀၇ ခုနှစ်က ဆစ်ဒနီတွင် စတင်ခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၂.၂ သန်းပါဝင်လှုပ်ရှားခဲ့သည်။ ၂၀၁၀ Earth Hour တွင် ကနေဒါ၊ အမေရိကန်၊ စင်္ကာပူ၊ ရုရှ၊ ဆီွဒင်၊ ဘယ်လ်ဂျီယံ၊ ဘိုလီးဗီးယား၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ တူရကီနိုင်ငံရှိ မြို့များအပြား ပါဝင်မည်ဖြစ်ပြီး မြို့များ ထပ်မံတိုးပွားလာဖွယ်ရှိသည်ဟု ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးကဆိုသည်။ (အေအက်ဖ်ပီ)

## အမေရိကန်မောင်းသူမဲ့လေယာဉ်များ ပါကစ္စတန်သို့ ပေးအပ်မည်

ပါကစ္စတန်နိုင်ငံ စစ်တပ်၏ ထောက်လှမ်းရေးစွမ်းရည်နှင့် ဝေဟင်မှ ကင်းလှည့်စွမ်းရည် တိုးမြှင့်စေရန်အတွက် အမေရိကန်နိုင်ငံမှ မောင်းသူမဲ့ ထောက်လှမ်းရေးလေယာဉ် RQ7 ၁၂ စီး ပေးအပ်သွားမည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးကပြောကြားသည်။ ယင်းအစီအစဉ်သည် ပါကစ္စတန်သို့ ထောက်ပံ့မည့် ဒေါ်လာသန်း ၁၀၀၀ ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ၎င်းအပြင် စစ်လက်နက်ပစ္စည်းများနှင့် ခဲယမ်းမီးကျောက်များထောက်ပံ့ပေးသွားမည်ဖြစ်သည်။ အမေရိကန်နှင့် ပါကစ္စတန်စစ်ရေးဆက်ဆံမှုကို တိုးတက်ကောင်းမွန်စေမည် ဖြစ်ပြီး နောက်ဆုံးတွင် အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့များ အာဖဂန်မှထွက်ခွာ၍ ပါကစ္စတန်အနေဖြင့် အသင့်အနေအထားသို့ရောက်ရှိမည်ဖြစ်သည်။ ထိုလေယာဉ်များသည် ခြောက်နာရီအထိ အသုံးပြုနိုင်၍ ၁၁၀ km အဝေးထိ သွားရောက်နိုင်သည်။ အကြမ်းဖက်နှိမ်နင်းရေး စစ်ပွဲအတွက် ပါကစ္စတန်ဘက်မှ ကုန်ကျထားသော ဒေါ်လာသန်း ၅၀၀ကိုမကြာမီ ထုတ်ပေးသွားမည်ဖြစ်သည်။ (ဆင်ဟွာ)

## ဂူးဂဲလ်ကိစ္စအပေါ် အမေရိကန်နှင့် တရုတ်ကိုယ်စားလှယ်များဆွေးနွေး

ဂူးဂဲလ်၏ ဝက်ဘ်ဆိုက်ဒ်အား တရုတ်နိုင်ငံ အခြေစိုက်ဟက်ကာများက တိုက်ခိုက်နေခြင်းအပေါ် အမေရိကန်နှင့် တရုတ် ကိုယ်စားလှယ်တို့သည် ညှိနှိုင်း ဆွေးနွေးမှုများကို ပြုလုပ်လျက်ရှိသည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနမှ ထုတ်ပြန်ကြေငြာသည်။ လောလောဆယ်တွင် ဂူးဂဲလ်သည် တရုတ်နိုင်ငံအတွက် ၎င်း၏ ရှာဖွေရေးအင်ဂျင် ဆောင်ရွက်ချက်များကို ကြီးကြပ်မှုပြုလုပ်ပေးခြင်း မရှိချေ။ အဆိုပါဆွေးနွေးပွဲတွင် ဂူးဂဲလ်တိုက်ခိုက်ခံရခြင်းကိစ္စအပြင် အခြားဆက်ဆံရေးကဏ္ဍများကိုလည်းကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးလျက်ရှိသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စကလင်တန်၏ ဝေဖန်ဆွေးနွေးမှုများအပေါ် တရုတ်နိုင်ငံဘက်မှ ပြင်းထန်စွာ ဝေဖန်ပြောကြားသည်။ (အေအက်ဖ်ပီ)

# သတင်းအတို

## နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲကျင်းပမည်

KMD၏နည်းပညာပြပွဲနှင့်အထူးဈေးရောင်းပွဲကိုရန်ကုန်မြို့ဆိပ်ကမ်းသာလမ်းရှိ Starnd Hotel တွင်ဇန်နဝါရီ ၃၀ရက်( စနေနေ့) မွန်းတည့် ၁၂နာရီမှ ညနေ၅နာရီအထိ ကျင်းပ သွားမည်ဖြစ်သည်။ ထိုပွဲတွင် Desktop PC, Notebook ,Netbook နှင့်ဆက်စပ်ပစ္စည်းများကို အများဆုံး ၅၀ရာခိုင်နှုန်းအထိလျှော့ချရောင်းချပေးမည်ဖြစ်ပြီး KMD Training Centre မှ သင်တန်းများကို အထူးနှုန်းဖြင့်လက်ခံပေးခြင်း၊ KMD- Soft Comm Technology မှ ရုံးသုံး၊ စီးပွားရေးလုပ်ငန်းသုံး Software များကို အထူးနှုန်းဖြင့်ရောင်းချပေးခြင်း၊ ကွန်ပျူတာနှင့် ပတ်သက်သောစာအုပ်စာတမ်းများ ရောင်းချပေးခြင်းတို့ကို တစ်နေရာတည်းတွင် ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ပြပွဲအချိန်အတွင်း KMD Computer Training Centre တွင် သင်တန်းအပ်နံပါက သင်တန်းတစ်ခုချင်းစီအတွက် 25% Discount ဖြင့် လက်ခံပေးသွားမည်ဖြစ်သည်။ ပြပွဲတွင် ၂၀၁၀အသစ်ထွက်ရှိသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအသစ်များကိုလည်း ပြသသွားမည်ဖြစ်ပြီး ကွန်ပျူတာ၊ နည်းပညာ၊ Management တို့နှင့် သက်ဆိုင်သောစာအုပ်မျိုးစုံကိုလည်း ခင်းကျင်းရောင်းချပေးသွားမည်ဖြစ်သည်။ Notebook ခေတ်ဖြစ်လာသည့်နှင့်အညီ မော်ဒယ်အသစ်များ ထွက်လျက်ရှိပြီး Notebook ဝယ်ယူလိုသူများ စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်စေရန် Notebook မျိုးစုံကိုလည်းခင်းကျင်းပြသ၍အချိုသာဆုံး ဈေးနှုန်းဖြင့်ရောင်းချပေးသွားမည်ဖြစ်သည်။ အသေးစိတ်စုံစမ်းသိရှိလိုပါက KMD Sales&Service ဖုန်း- ၂၄၅၁၈၀၊ ၂၀၄၀၇၀၊ ၃၈၁၀၃၅၊ ၅၀၃၅၁၁၊ ၅၀၂၂၄၄တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၉ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## နိုင်ငံတကာစီးပွားရေးစီမံခန့်ခွဲမှုအကြောင်းရန်ကုန်နှင့် မန္တလေးတွင်ဟောပြောမည်

စင်ကာပူနိုင်ငံရှိပညာရေးအဖွဲ့အစည်းတစ်ခုဖြစ်သော MDIS နှင့်မြန်မာနိုင်ငံရှိပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Education တို့ပူးပေါင်း၍ ပြောင်းလဲလာသည့် နိုင်ငံတကာ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များအကြောင်း၊ အင်ဂျင်နီယာဘာသာရပ်များ၊ ဆေးပညာဘာသာရပ်များနှင့် MBA ဝင်ခွင့် များအကြောင်းအားယခုလ ၃၀နှင့် ၃၁ရက်များတွင် ရန်ကုန်နှင့် မန္တလေးမြို့များ၌ ဆွေးနွေးပွဲများပြုလုပ်မည်ဟုသိရသည်။ ဆွေးနွေးပွဲတွင် Finance နှင့် Accounting အထူးပြုဘာသာရပ်များ၏ ကွဲပြားခြားနားမှုများ၊ နိုင်ငံတကာ MBA များ၏ အားသာချက်၊ အားနည်းချက်များ၊ အနာဂတ်တွင်ပြည်တွင်းပြည်ပအလုပ်အကိုင်များနှင့်ပတ်သက်၍ ပိုမိုအသုံးဝင်လာမည့် အထူးပြုဘာသာရပ်များအကြောင်းကိုဟောပြောဆွေးနွေးမည်ဖြစ်သည်။ ဆွေးနွေးပွဲကိုရန်ကုန်မြို့တွင် ဇန်နဝါရီ ၃၀ရက်၌ ကုန်သည်ကြီးများဟိုတယ်တွင်လည်းကောင်း၊ မန္တလေးမြို့တွင် ၃၁ရက်၌ မန္တလေးဆီဒိုးနားဟိုတယ်၌လည်းကောင်း MDIS မှ တာဝန်ရှိသူနှင့် Crown Education မှ တာဝန်ရှိသူတို့က ဟောပြောဆွေးနွေးမည်ဖြစ်ကြောင်း၂၀၁၀ခုနှစ်ဇန်နဝါရီ ၂၈ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## သဘာဝဓာတ်ငွေ့အရောင်းဆိုင်များနှင့် နိုင်ငံတော်ပိုင်ကားများကို ဆီဖြည့်ပေးသည့်ဆိုင်များမှအပ စက်သုံးဆီဆိုင်များအားလုံး မတ်လ ၃၁နောက်ဆုံးထား၍ ပုဂ္ဂလိကသို့ ရောင်းချမည်

သဘာဝဓာတ်ငွေ့အရောင်းဆိုင်များနှင့် နိုင်ငံတော်ပိုင်ကားများမှအပ မြန်မာတစ်နိုင်ငံလုံးရှိ နိုင်ငံတော်ပိုင်စက်သုံးဆီ အရောင်းဆိုင်များအားလုံးကို မတ်လ ၃၁ရက်နေ့ နောက်ဆုံးထားကာ ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းရောင်းချရတော့မည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့လွှဲပြောင်းရောင်းချနိုင်ရန်အတွက် ယခုလ ၁၉ရက်နေ့တွင် သက်ဆိုင်ရာတာဝန်ရှိသူများက ဒီဇယ်ဆီ တရားဝင်တင်သွင်းနေသည့်လုပ်ငန်းရှင်များကို နေပြည်တော်သို့ ဖိတ်ကြားကာ ရှင်းပြခဲ့သည်ဟု ဆိုသည်။ စက်သုံးဆီဆိုင်များ လွှဲပြောင်းရောင်းချပေးခြင်းကြောင့် စက်သုံးဆီတင်သွင်းခြင်းနှင့် ဖြန့်ဖြူးခြင်းမှာ ပုဂ္ဂလိကကဏ္ဍမှ တာဝန်ယူရမှု များစွာဖြစ်ပေါ်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် အကြိုစီစဉ်မှုအနေဖြင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရေးအသင်း (ယာယီအမည်)ကို ယခုလ ၂၂ရက်နှင့် ၂၃ရက်နေ့များတွင် ဆန္ဒဖြင့်မဲပေးရွေးချယ်ကာ ဖွဲ့စည်းလိုက်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၈နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အလုပ်စခန်းများမှ အကျဉ်းသားများအား တစ်ရက်ငွေ ၁၀၀ကျပ်နှုန်းဖြင့် လွတ်မြောက်သည့်အခါ ထုတ်ပေးနေ

မြန်မာနိုင်ငံရှိ အကျဉ်းဦးစီးဌာနလက်အောက်ရှိ အလုပ်စခန်းများတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားများအား တစ်ရက်လျှင် ငွေ ၁၀၀ကျပ်နှုန်းဖြင့်တွက်ချက်၍ လွတ်မြောက်သည့်အခါ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ ထိုသို့ထုတ်ပေးခြင်းမှာ အကျဉ်းသားများ လွတ်မြောက်သည့်အခါ သမ္မာအာဇီဝ စီးပွားရှာစားနိုင်ရေး အထောက်အကူပြုရန်ရည်ရွယ်ကြောင်း သိရသည်။ အကျဉ်းဦးစီးဌာနလက်အောက်ရှိ ကျောက်ထု အလုပ်စခန်းများသာမက ရော်ဘာစိုက်ပျိုးရေးစခန်း၊ မွေးမြူရေးစခန်း၊ ခြံထွက်သီးနှံ စိုက်ပျိုးရေးစခန်းများမှ အကျဉ်းသားများပါ ရရှိကြမည်ဖြစ်သည်။ ထို့ပြင် အလုပ်စခန်းအသီးသီးတွင် အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းသားအကျဉ်းသူအဖြစ် ရောက်ရှိလာကြသူများတွင် ဘွဲ့ရပညာတတ်များ ပါဝင်လာသည့်အတွက် ၎င်းတို့က မြန်မာစကား မရေးတတ်၊ မပြောတတ်၊ မဖတ်တတ်သူများကို စာပြန်သင်ပေးခြင်း ပြုလုပ်စေကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် အလုပ်စခန်းပေါင်း ၄၀ကျော်၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဒေသအနေအထားကိုက်ညီစွာ စိုက်ပျိုးမွေးမြူလျက်ရှိကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီလ ၂၈ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## သတ်မှတ်ချိန်ကာလအတွင်း လုပ်ငန်းမဆောင်ရွက်နိုင်သည့် ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကို တရားစွဲမည်ဟုဆို

ပြည်ပရင်းနှီးမြှုပ်နှံမှုအဆောက်အဦတစ်ခုဖြစ်သည့် ကမ်းနားလမ်းမပေါ်ရှိ Golden SWAM Building အဆောက်အဦကုမ္ပဏီအား သတ်မှတ်ချိန်ကာလအတွင်း လုပ်ငန်းမဆောင်ရွက်နိုင်သည့်အတွက် တရားစွဲမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ထုတ်ဖော်ပြောကြားလိုက်သည်။ တရုတ်(တိုင်ပေ)ကုမ္ပဏီတစ်ခုက ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည့် အဆိုပါအဆောက်အဦကို ယခုအခါစာချုပ်ဖျက်သိမ်းပြီးဖြစ်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပြန်လည်ထိန်းသိမ်းထားပြီးဖြစ်ကြောင်း သိရသည်။ "စာချုပ်ပျက်ကွက်လို့ သိမ်းထားပြီးပါပြီ။ အခုတရားဆက်စွဲသွားမယ်။ လက်ထဲပြန်ရောက်ရင် ကော်မတီတိုင်ပြီး လေလံပစ်မှာဖြစ်ပါတယ်" ဟု မြို့တော်ဝန်က ဆက်လက်ပြောကြားသည်။ ယင်းသို့ အလားတူပြန်လည်သိမ်းခဲ့ရသည့်ဖြစ်ရပ်မျိုးကို မရီနာရက်ဆီးဒင့်တွင်လည်း ဖြစ်ပွားခဲ့ဖူးကြောင်း၊ ဂျပန်ကုမ္ပဏီက မြေငှားခဈေးဆစ်ခဲ့ရာတွင် တစ်နှစ်ခွင့်ပြုသော်လည်း နောက်ပိုင်းကာလများတွင်ပါ ဆက်လက်ဈေးဆစ်တောင်းဆိုခဲ့သည့်အပေါ် ပြန်လည်သိမ်းဆည်းခဲ့ရဖူးကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၈ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## သင်္ဂြိုဟ်စရိတ်များ တိုးမြှင့်ကောက်ခံနေခြင်းမမှန်ဟုမြို့တော်ဝန်ကပြော

ရန်ကုန်မြို့တွင်ရှိသော ရေဝေးနှင့်ထိန်ပင်သုသာန်များတွင် သင်္ဂြိုဟ်စရိတ်များ တိုးမြှင့်ကောက်ခံနေခြင်းမှာ မဟုတ်မှန်ကြောင်းမြို့တော်ဝန်က ယခုလ ၁၉ရက်တွင် ပြည်တွင်း သတင်း ထောက်များနှင့်တွေ့ဆုံစဉ်ထုတ်ဖော် ပြောကြားလိုက်သည်။ အဆိုပါသုသာန်များတွင် လာရောက်သင်္ဂြိုဟ်မည့်သူများကိုလည်းတစ်ဦးလျှင် ကျပ် ၁၀၀၀ခန့်သာ ကောက်ခံလျက်ရှိသော် လည်းပြည်သူများကြားတွင် ကျပ် ၇၀၀၀ခန့်ထိပေးကာသင်္ဂြိုဟ် နေရသည်ဟု သတင်းများထွက်ပေါ်နေကြောင်းသိရသည်။ "ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ သုသာန်သင်္ဂြိုဟ် စရိတ်ကို နေ့စဉ်နေ့တိုင်းအရှုံးခံပြီးဆောင်ရွက်ပေးနေပါတယ်။ သင်္ဂြိုဟ်ဖို့အတွက်လဲလိုအပ်တဲ့မီးထိုးဆီကိုကော်မတီက တစ်ဂါလန် ကျပ် ၂၀၀၀ထိပေးပြီး အသုံးပြုနေရပါတယ်။ လက်ရှိလဲ လူတစ်ဦးကိုမီးရှို့သင်္ဂြိုဟ်စရိတ်က တရားဝင်သတ်မှတ်ထာတဲ့ကျပ် ၁၀၀၀နှုန်းနဲ့သာ ဆက်လက်ကောက်ခံဆောင်ရွက်မှာဖြစ်ပါတယ်။ တကယ်လို့မီးထိုးဆီ ဈေးဝယ်ယူမှုအပေါ်မှာမူတည်ပြီးဈေးနှုန်းကတစ်ချိန်ချိန်မှာ ပြောင်းလဲကောင်းပြောင်းလဲနိုင်ဖွယ်ရှိပေမယ့်ဒီလောက်ထိပြောင်းလဲသွားမှာမဟုတ်ပါဘူး။ အဓိကပြည်သူတွေ အဆင်ပြေစေဖို့ အတွက်ရည်ရွယ်ပြီး အတတ်နိုင်ဆုံးဈေးသက်သာစွာနဲ့ဆောင်ရွက်ပေးနေမှာဖြစ်ပါတယ်" ဟုမြို့တော်ဝန်ကဆက်လက်ပြောကြားကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ ၂၆ရက်နေ့ထုတ် Flower News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာ-အိန္ဒိယ-တရုတ်ကုန်သွယ်ရေးဆောင်ရွက်ရန်သမိုင်းဝင်စတီးဝဲလ်လမ်းမကြီးကိုပြန်လည်ဖွင့်လှစ်မည်

မြန်မာ-အိန္ဒိယ- တရုတ်ကုန်သွယ်ရေးဆောင်ရွက်ရန်သမိုင်းဝင်စတီးဝဲလ်လမ်းမကြီးကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်းသတင်းဖော်ပြချက်များအရသိရသည်။ အိန္ဒိယနိုင်ငံတွင် မကြာသေးမီက ကျင်းပခဲ့သော (၅)ကြိမ်မြောက်အရှေ့မြောက်စီးပွားရေးထိပ်သီးအစည်းအဝေးပွဲ၌ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်းက အိန္ဒိယနိုင်ငံမှ အဆိုပြုထားသည့် အတိုင်းလမ်းမကြီးကို ဖွင့်လှစ်ရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းပြောကြားခဲ့သည်ဟု သတင်းဖော်ပြချက်များအရသိရပါသည်။ အဆိုပါလမ်းမကြီး ကိုဖွင့်လှစ်လိုက်ပါက အိန္ဒိယနှင့် တရုတ်နိုင်ငံကြား ကွာဝေးမှုမှာ ကီလိုမီတာ ၆၀၀၀ခန့်မှ ကီလိုမီတာ ၁၇၅၀ခန့်အထိသို့လျော့ကျသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် အိန္ဒိယနိုင်ငံ အာသံပြည်နယ်များအကျိုးကျေးဇူးရရှိရုံသာမက မြန်မာနှင့်ထိုင်းနိုင်ငံတို့အတွက်လည်း ကုန်သွယ်ရေးအခွင့်အလမ်းများပွင့်လင်းလာမည်ဖြစ်ကြောင်းသိရသည်။ စတီးဝဲလ်လမ်းမကြီးကို အိန္ဒိယနိုင်ငံအာသံပြည်နယ်မှ စတင်ဖောက်လုပ်ခဲ့ပြီး မြန်မာနိုင်ငံကိုဖြတ်ကာ တရုတ်နိုင်ငံကူမင်းအထိဖောက်လုပ်ခဲ့ကြောင်းသိရသည်။ တရုတ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံဖက်မှ မြန်မာနိုင်ငံတနိုင်းအထိ လမ်းဖောက်လုပ်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတနိုင်းမှ အိန္ဒိယနိုင်ငံနယ်စပ်အထိ လမ်းဖောက်လုပ်ရန်အတွက် အိန္ဒိယနိုင်ငံ၏ ပံ့ပိုးမှုဖြင့် ပြုလုပ်နိုင်ပြီးဖြစ်ကြောင်း၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၇ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရွှေငွေကျောက်မျက် ဘောက်ချာအတိုင်း ဈေးမရရင် တရားစွဲနိုင်

ရွှေငွေကျောက်မျက်ရတနာအရောင်းဆိုင်တွေအနေနဲ့ မိမိဘောက်ချာမှာ ရေးထားတဲ့အတိုင်း ရွှေရည်မပြည့်မီတာတွေ၊ တန်ဖိုးကြီးစိန်ထည်တွေကို ရာခိုင်နှုန်းဘယ်လောက်နဲ့ ပြန်ဝယ်ပေးမယ်ဆိုပြီး တကယ့်တကယ်ပြန်ဝယ်မပေးခဲ့ရင် တရားစွဲဆိုနိုင်တယ်လို့ တရားရုံးချုပ်ရှေ့နေ ဦးအောင်စိုးထံမှ သိရတယ်။ ဦးအောင်စိုးဦးက 'ရွှေရည်မပြည့်တာမျိုးတို့၊ ဘောက်ချာမှာ ကာလပေါက်ဈေးရဲ့ ၂၅ရာခိုင်နှုန်းလျော့ပြီး ပြန်ဝယ်မယ်လို့ ပြောထားပြီး ဘောက်ချာမှာပါတဲ့အတိုင်း တာဝန်မယူနိုင်ရင် တရာစွဲလို့ရတယ်၊ ဒီလိုကိစ္စမျိုးတွေ ခဏခဏပေါ်တာက ဒီမှာတရားစွဲတာမျိုးမရှိကြလို့ပဲ' လို့ ပြောပါတယ်။ စိန်ဝယ်တဲ့အခါ အထည်တစ်ခုကို ကျပ်သိန်းရာချီဝယ်ပြီး ၂၅ရာခိုင်နှုန်း လျော့ဈေးဆိုပေမဲ့ ရောင်းတဲ့အခါ ငွေရှင်းဖို့ ရွှေ့ဆိုင်းနေတာမျိုး၊ အပါအဝင် ရွှေရည်မပြည့်မီတာမျိုး၊ စိန်အသန့်ဆိုပြီး ဈေးခေါင်ခိုက်အောင်ရောင်းလိုက်ပေမဲ့ တကယ့်တကယ်မှာ ဆိုင်ကဘောက်ချာမှာ ရေးထားသလိုမျိုး မဟုတ်တာတွေ ရှိနေတုန်းပဲလို့ သိရတယ်။ မှန်ကန်တဲ့ ရွှေဆိုင်တချို့ကတော့ ရွှေရည်ကို တိတိကျကျ ဘောက်ချာမှာ ရေးပေးသလိုကျောက်မျက်ဆိုရင်လည်း certificate ပေးတာမျိုး၊ စိန်ဆိုရင်လဲ စိန်က ဘာအရည်ရှိတယ်ဆိုတာ တိတိကျကျရေးပေးတာမျိုး ရှိတယ်လို့သိရတယ်။ တချို့ဝယ်သူတွေကတော့ သူတို့ပြန်ရောင်းတဲ့အခါ ဈေးမတရားနိမ်ရင် မကျေနပ်တဲ့အတွက် ရဲစခန်းသွားတိုင်တာမျိုးရှိတယ်လို့ သိရတယ်။ ဝယ်သူအများစုကတော့ တရားမစွဲကြဘဲ ရောင်းလိုက်တဲ့ဆိုင်နဲ့ပဲ အဓိကပြဿနာဖြစ်တာများကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၂ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်တွင် ဖော်ပြထားပါသည်

Learning English Effectively ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပမည်

အင်္ဂလိပ်စာလေ့လာနေသူများအတွက်ရည်ရွယ်၍ Learning English Effectively ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ခုကို ၂၀၁၀ပြည့်နှစ်၊ ဇန်နဝါရီလ ၃၁ရက်နေ့ နံနက် ၁၀နာရီမှ နေ့လယ် ၁၂နာရီအထိ OESC Seminar Room တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲတွင် အင်္ဂလိပ်စာကို ကြောက်ရွံ့မှုမရှိဘဲ ပေါ့ပါးသွက်လက်စွာ ပြောဆိုနိုင်စေရန် လေ့လာပုံ လေ့လာနည်း၊ မိမိ၏ နားထောင်ရည်စွမ်းရည်ကို မည်ကဲ့သို့တိုးတက်လာစေရန် လုပ်ဆောင်မည်နည်း၊ မိမိ၏ စားအရေးအသားကို မည်ကဲ့သို့ ထိရောက်မှုရှိစေရန် ပြုလုပ်မည်နည်း၊ စကားလုံးဝေါဟာရကြွယ်ဝစေရန် မည်သို့လေ့လာရမည်နည်း၊ မိမိ၏ Communication Skill တက်လာစေရန် မည်သို့လေ့လာမည်နည်း၊ သဒ္ဒါအရေးအသားမှန်ကန်စေရန် မည်သို့လေ့လာရမည်နည်း၊ မိမိ၏ ရုံးတွင်ဖြစ်စေ၊ အင်တာဗျူးတွင်ဖြစ်စေ မိမိ၏ Presentation Skill ကောင်းမွန်စေရန်မည်သို့ ဖော်ထုတ်ပြမည်နည်းစသည့်အကြောင်းအရာတို့ကို အဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆွေးနွေးပွဲသို့ အင်္ဂလိပ်စာစိတ်ဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်လေ့လာနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၁ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပန်းချီသန်းမြင့်အောင်ရဲ့ ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော်ပြပွဲပြုလုပ်မည်

'A Portrait of Serene Rakhine' အမည်ဖြင့် ပန်းချီသန်းမြင့်အောင်ရဲ့ ရခိုင်ဒေသ၏ အေးငြိမ်းကြည်လင်သော သဘာဝရှုခင်း၊ ပုံတူပန်းချီ ဆီဆေးကားများ စုစည်းပြသမည့် ဒုတိယအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲကို အမှတ် ၈၄(အေ)၊ သံလင်လမ်း၊ ရွှေတောင်ကြား၊ ဗဟန်းရှိ New Treasure Art Gallery တွင် ဇန်နဝါရီ ၂၃ရက်မှ ဖေဖော်ဝါရီ ၂၀ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၉ရက်နေ့ထုတ် ပေါ်ပြူလာဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ဇန်နဝါရီ ၂၂ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီမှ ၂နာရီခွဲအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း(၂၀၅) ၌ UK ရှိ Nokia ကုမ္ပဏီမှ Senior Test Analyst ဖြစ်သူ Mr.Len Aye က Software Testing ပြုလုပ်သည့် နည်းစနစ်များဖြစ်သည့် Testing Tools, Test case generation , error management, test case management,test Reporting အစရှိသည်တို့နှင့် ပတ်သက်၍ ဆွေးနွေးဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲသို့ စိတ်ဝင်စားသူမည်သူမဆို ကြိုတင်စာရင်းပေးသွင်းရန်မလိုဘဲ အခမဲ့ တက်ရောက်နိုင်ပြီးအသေးစိတ် သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ရုံးခန်းအဆောင်(၄)အခန်း(၄) ဖုန်း-၆၅၂၂၇၆သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ ၁၇ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

## အောင်ဆန်းတပ်ဦးဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ

## ခန္တာဉာဏ်ရောက် ဝိပဿနာမြင်ကွင်းဓမ္မရသစာစုများ

အနှိုင်းမဲ့ရဟန်း

မြတ်စွာဘုရားရှင် သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးတော်မူ နေစဉ်တုန်းက ညတစ်ညရဲ့သန်းခေါင်ယံအချိန်မှာ အနာထပိဏ်သူဌေးကနေ ဘဝပြောင်းသွားတဲ့ အနာထပိဏ်နတ်သား မြတ်စွာဘုရားရှင်ထံ ရောက်လာပြီး သူလျှောက်ထားလိုတဲ့ စကားတွေလျှောက်ထားသွားခဲ့ပါတယ်။ သူ့ရဲ့လျှောက်ထားချက်တွေထဲက တစ်ခုကတော့........
"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရားရှင်ရဲ့ တပည့်သား ရဟန်းတော်တွေ အားလုံးထဲမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ဟာ ပညာဂုဏ်အားဖြင့် ရော၊ သီလဂုဏ်အားဖြင့်ရော၊ ကိလေသာ ငြိမ်းအေးမှုဂုဏ်အားဖြင့်ရော အသာဆုံး၊ အမြတ်ဆုံး ဖြစ်ပါတယ်ဘုရား၊ သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်နန်းကို အပြီးတိုင်ဆိုက်ရောက်တော်မူကြတဲ့ ရဟန်းတော်တွေ အားလုံးထဲမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်သာ အသာဆုံး၊ အမြတ်ဆုံး ဖြစ်တော်မူပါတယ် မြတ်စွာဘုရား"
အနာထပိဏ်နတ်သားရဲ့ လျှောက်ထားချက်ကို မြတ်စွာဘုရားရှင်က လုံးဝငြင်းဆန်ခြင်း မပြုဘဲသဘောတလက်ခံခဲ့တဲ့အတွက် "ရဟန်းအားလုံးထဲမှာ အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ အသာဆုံး၊ အမြတ်ဆုံးပဲ"၊ "အရှင်သာရိပုတ္တရာ ရဟန်းမြတ်ဟာ အနှိုင်းမဲ့ရဟန်းပဲ" ဆိုတဲ့စကားဟာ မြတ်စွာဘုရားရှင် အတည်ပြုပြီးသား စကားဖြစ်သွားပါတယ်။ တစ်နည်းအားဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် မိန့်တော်မူ တဲ့စကား ဖြစ်သွားပါတယ်။
လောကမှာရှိရှိသမျှ ရဟန်းတော်တွေ အားလုံးထဲမှာ အရှင်သာရိပုတ္တရာမထေရ် မြတ်ဟာ အနှိုင်းမဲ့ရဟန်းဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ အရှင်သာရိပုတ္တရာမထေရ်မြတ် ထက် ပညာပိုကြီးပါတယ်၊ အကျင့်ပိုထူးပါတယ် လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားရဟန်းမရှိတော့လို့ပါပဲ။
အရှင်သာရိပုတ္တရာမထေရ်မြတ်နဲ့ လဲလှယ်သင့်၊ လဲလှယ်ထိုက်တဲ့ တခြားရဟန်း လောကမှာ မရှိတော့တဲ့အတွက် အရှင်သာရိပုတ္တရာ မထေရ်မြတ်ဟာ အနှိုင်းမဲ့ရဟန်း ဖြစ်ရပါတယ်။
သိစရာအားလုံးကို အကုန်အစင်အကြွင်းအကျန်မရှိသိမြင်တော်မူတဲ့ သဗ္ဗညုမြတ်စွာဘုရားရှင်ကလွဲရင် အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ လောကမှာ ပညာဉာဏ်အကြီးမားဆုံးပါပဲ။
ခက်ခဲနက်နဲတဲ့ တရားသဘောတွေဆိုတာ အသာထား၊ လူတွေရဲ့ ပကတိမျက်စိ နဲ့ မြင်နိုင်တဲ့ရုပ်ဝတ္ထုတွေကို သိစွမ်းနိုင်တဲ့ ပညာဉာဏ်အရာမှာတောင် ဘယ်သိပ္ပံပညာရှင်မှ လိုက်မမီနိုင်လောက်အောင် အံ့မခန်းထက်မြက်လှပါတယ်။
တစ်ကမ္ဘာလုံး တစ်ပြိုင်တည်း မိုးရွာသွန်းနေတဲ့ အချိန်မှာ "မဟာသမုဒ္ဒရာထဲကျတဲ့ မိုးရေပေါက်က ဘယ်လောက် အရေအတွက်ရှိတယ်၊ မြေကြီး ပေါ်ကျတဲ့ မိုးရေပေါက်က ဘယ်လောက်အရေအတွက် ရှိတယ်၊ တောင်ပေါ်ကျတဲ့ မိုးရေပေါက်က ဘယ်လောက် အရေအတွက်ရှိတယ်" လို့ ဂဏန်းထိုးတင်ပြနိုင်လောက် အောင် တစ်ကမ္ဘာလုံးက မိုးရေပေါက်တွေကို တစ်ချိန်တည်း တစ်ပြိုင်တည်း ရေတွက်ပြ နိုင်ပါတယ်။
ဒီနေ့ခေတ် တော်လှပါတယ်၊ ထက်လှပါတယ်ဆိုတဲ့ ဘယ်သိပ္ပံပညာရှင်မ အရှင်သာရိပုတ္တရာမထေရ်မြတ်လို ရေတွက်မပြနိုင်ပါဘူး။ တကယ်လို့ ရေတွက်ပြနိုင်ရင် လည်း စက်အားကိုးနဲ့ပဲ ခလုတ်နှိပ် ရေတွက်ပြနိုင်မှာပါ။ စက်အကူအညီမပါဘဲ စိတ်သက်သက်၊ ဉာဏ်သက်သက်နဲ့တော့ ရေတွက်ပြနိုင်မှာ မဟုတ်ပါဘူး။
မြတ်စွာဘုရားရှင် သက်တော်ငါးဆယ့်ငါးနှစ်ကျော်တဲ့အချိန် မိမိကို အမြဲပြုစုလုပ်ကျွေးမယ့် ရဟန်းတစ်ပါး ရွေးချယ်ဖို့ သံဃာ့ပရိသတ်ကို မိန့်တော်မူတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်က မိမိအမြဲပြုစုလုပ်ကျွေးမယ့်အကြောင်း အရင်းဦးအောင် လျှောက်ထားပါတယ်။ အဲဒီအခါ မြတ်စွာဘုရားရှင်က...
"ချစ်သား သာရိပုတ္တရာ၊ ငါဘုရားကို သင်ချစ်သား အမြဲပြုစုလုပ်ကျွေးဖို့ မသင့်တော်ပါဘူး၊ ဘာလို့လဲဆိုတော့ သင်ချစ်သား နေလေရာအရပ်တိုင်းဟာ တကယ့်ကို တရားမဆိတ်သုဉ်းတဲ့နေရာ ဖြစ်နေလို့ပါ။ ဟုတ်တယ်လေ၊ သင်ချစ်သားရဲ့ အဆုံးအမ သြဝါဒဟာ ငါဘုရားရဲ့ အဆုံးအမသြဝါဒနဲ့ အတူတူပါပဲ၊ ဒါကြောင့် သင်ချစ်သားမှာ ငါဘုရားကို အမြဲပြုစုလုပ်ကျွေးဖို့ အကြောင်းမရှိပါဘူး"လို့ မိန့်ကြားတော်မူပြီး အရှင်သာရိပုတ္တရာမထေရ်မြတ်ရဲ့ ဗုဒ္ဓဝေယျာဝစ္စ အမြဲပြုလုပ်လိုခွင့်ကို ပယ်မြစ်တော်မူခဲ့ပါတယ်။
သာသနာအတွက် အားကိုးနိုင်လောက်အောင် ဉာဏ်စွမ်းဉာဏ်စထက်မြက်ပြီး စာပေပရိယတ်ကို တကယ်လိုလိုလားလား ကြိုးစားအားထုတ်နေတဲ့ တပည့်ရဟန်း၊ သာမဏေတွေကို ဆရာဘုန်းကြီးတွေက ကိုယ့်အနားမှာ အမြဲနေခိုင်းပြီး ကိုယ့်ဝေယျာဝစ္စတွေကို အချိန်ပြည့် လုပ်ခိုင်းတာမျိုး လုံးဝရှောင်ကြဉ် သင့်တယ်ဆိုတာ ဒီအဖြစ်အပျက်က သက်သေပြနေပါတယ်။
ဆရာသမားကောင်းတစ်ယောက်ဆိုတာ ကိုယ့်တပည့်ကို ကိုယ့်အကျိုးအတွက် အသုံးမချဘဲ အများအကျိုး၊ သာသနာ့အကျိုးအတွက်ပဲ အသုံးချသင့်ပါတယ်။ မိဘတွေလည်း သားသမီးတွေအပေါ် နည်းတူ သဘောထားရမှာပါပဲ။
အရှင်သာရိပုတ္တရာရဲ့ အဆုံးအမဟာ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမနဲ့ထပ်တူထပ်မျှ ဖြစ်နေတာကိုကြည့်ရင် အရှင်သာရိပုတ္တရာဟာ ဉာဏ်ပညာသိပ်ကြီးမားတယ်ဆိုတာ ထင်ရှားပါတယ်။
အချိန်ကြာကြာ၊ တရားရှည်ရှည်ဟောရလို့ မြတ်စွာဘုရား ခါးညောင်းတော်မူပြီဆိုရင် "ငါဘုရား ခါးညောင်းတယ်၊ ခါးဆန့်လိုက်ဦးမယ်၊ ချစ်သား သာရိပုတ္တရာ ဆက်ဟောလိုက်ပါဦး" လို့ မိန့်တော်မူပြီး တရားဟောပလ္လင်နောက်ကွယ်က သီးသန့်အခန်းငယ်လေးထဲမှာ မြတ်စွာဘုရား ခါးဆန့်လဲလျောင်းပြီး အညောင်းအညာဖြေတော်မူရပါတယ်။

ဆက်ရန်

# ဟာသ

## အားကိုးတယ်

“သူဌေးက လူထက်ကွန်ပျူတာကို ပိုပြီးအားကိုးတယ်ပေါ့လေ”

“အင်း”

“ကွန်ပျူတာဆိုတာ လူက လုပ်ထားတာပါဗျာ”

“လူကခိုင်းမှ ကွန်ပျူတာက အလုပ်လုပ်တတ်တာပါ”

“မင်းတို့ လူတွေက ခိုင်းရင်ကို မလုပ်ဘူးလေကွာ”

## ဆက်ရမယ့်နေရာ

“သူငယ်ချင်းကုန်သည်ပွဲစားတွေက ဟန်းဖုန်းလေးတွေကိုယ်စီကိုင်နေတော့ ကိုသြဘာလဲ ဝယ်ကိုင်တယ်၊ သူ့မှာဖုန်းဝယ်ပြီး ဘယ်ဆက်ရမှန်း မသိဘူး။ သူ့ဆီလဲ ဘယ်သူကမှမဆက်ဘူး”

“တစ်ရက်မှာ သူ့သူငယ်ချင်းပွဲစားနဲ့ဆုံတော့ သူဖုန်းဝယ်ထားမှန်းသိစေချင်တာနဲ့”

“ဖုန်းလေးရှိလိုက်မှပဲ အဆင်ပြေတော့တယ်ကွာ”

“ဟုတ်လား ခုဘယ်ဆက်နေတာလဲ”

“လက်ဖက်ရည် လာပို့ဖို့မှာတာပါ”

## ကြိုးတိုတယ်

ကိုသံချောင်းက သူ့သူငယ်ချင်းမြို့ရောက်ပြီး ကြီးပွားနေတယ်ကြားတော့ တွေ့ရအောင်လို့ သွားတယ်။ အဲဒီမှာကုမ္ပဏီဆိုတဲ့ ဆိုင်းဘုတ်လည်းရှိတယ်၊ သူဝင်သွားတော့စားပွဲမှာ ထိုင်နေတဲ့ သူငယ်ချင်းကိုတွေ့တယ်”

“မင်းက ကြီးပွားနေတာပါလား၊ ဖုန်းတွေသုံးလုံးတောင် ရှိသားနဲ့ကွာ၊ ဖုန်းနံပါတ်ကလေးတော့ ပေးမထားဘူး၊ ငါ့မှာရှာလိုက်ရတာ”

“ဒါက ဟိုဘက်အခန်းပဲ ပြောလို့ရတာကွ”

“ဟင်”

## စဉ်းစားနေတုန်း

သူဌေးဆိုရင် ရုံးခန်းရှိရမယ်ကွာ၊ ကွန်ပျူတာရှိရမယ်ကွာ၊ ဖုန်းရှိရမယ်ကွာ၊ ခု ငါ့မှာအဲဒါတွေအားလုံး ပြည့်စုံနေပြီ”

“ဘာလုပ်နေတာလဲ”

“ရှိတဲ့ငွေကို အဲဒါတွေရင်းနှီးလိုက်တာနဲ့ ကုန်ပြီလေကွာ၊ ခုဘာလုပ်ရမှန်းမသိလို့ ငုတ်တုတ်ထိုင်နေတာ”

မှတ်မိသမျှ စီးပွားရေးဟာသ (ကံချွန်)

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

January 29th မှ February 4th ကြား

လက်တွေ့ကျကျဆောင်ရွက်မှုကြောင့် ကောင်းသောတိုးတက်မှုနှင့် အောင်မြင်မှုများဖြစ်ပေါ်မည်။ ဆုံးဖြတ်ချက်ချမှတ်သောအခါတွင်လည်း တစ်ပါးသူစကားနားရောင်မနေဘဲ မိမိကိုယ်မိမိယုံကြည်မှုအပြည့်နှင့် ဆုံးဖြတ်ပြီးဆောင်ရွက်ပါ။ အပြောင်းအလဲနှင့် တိုးတက်မည်။ လူမျိုးကွဲအကျိုးပေးမည်။ အရပ်ဝေးနှင့် ဆက်စပ်ပြီး လုပ်သောလုပ်ငန်းများမှ ထူးခြားသောတိုးတက်မှုရမည်။ လူလိမ်လူညာသတိရှိပါ။ ငွေကြေးအပေးအယူကိစ္စများတွင် သတိရှိပါ။ ဆွေမျိုးမောင်နှမသားချင်းများကြောင့် စိတ်ပင်ပန်းစရာများကြုံမည်။ လိုသည်ထက်ပို၍ စိုးရိမ်ကြီးခြင်း၊ တွက်ဆမှုလွန်ကဲခြင်းကြောင့် နှောင့်နှေးမှုများရှိမည်။ ရန်ပဋိပက္ခဖြစ်နိုင်သည်။ စကားမှားတတ်သည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

January 29th မှ February 4th ကြား

အကြောင်းအရာကိစ္စမှန်သမျှကို ကိုယ်တိုင်ဆောင်ရွက်ပါ။ တစ်ပါးသူအပေါ် ယုံကြည်လွဲအပ်ပြီး လုပ်သောကိစ္စမှ နှောင့်နှေးခြင်း၊ ကသိကအောက်ဖြစ်ခြင်းနှင့် စိတ်ရှုပ်ထွေးစရာများကြုံနိုင်သည်။ အချစ်ရေး၊ မေတ္တာရေးတွင် အလွန်စန်းပွင့်ရာမှတစ်ဆင့် စိတ်ရှုပ်ထွေးစရာများဖြစ်ပေါ်လာနိုင်သည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ကာလအတန်ကြာကြိုးစားဆောင်ရွက်ထားသည်များမှ ကောင်းသော အကျိုးဆက်များကိုရရှိမည်။ ပညာအတတ်ကို အခြေတည်၍ အောင်မြင်မှုများ အဆင့်ဆင့် ဖြစ်ပေါ်လာမည်။ မနာလိုအနှောင့်အယှက်များရှိလင့်ကစား အားလုံးကိုကျော်လွှားနိုင်မည်။ ငွေရေးကြေးရေးကိစ္စများတွင် ပြောရေးဆိုရေးမှန်သမျှအောင်မြင်၍ တိုးတက်သော အခြေအနေကောင်း များရမည်။ သွား၊ သွားဖုံးဒုက္ခပေးတတ်သည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

January 29th မှ February 4th ကြား

အခက်အခဲကင်းစင်၍ အလိုပြည့်စုံခြင်း၊ ရည်ရွယ်ချက်အောင်မြင်ခြင်းများ ကြုံမည်။ ရည်မှန်းချက်များအောင်မြင်မည်။ အခက်အခဲများ ပြေလည်အောင် ဖြေရှင်းနိုင်မည်။ ဆောင်ရွက်သမျှကိစ္စမှန်သမျှ ဆုံးခန်းတိုင်အောင်ထွန်းပေါက်မည်။ ကိုယ်လုပ်သမျှ အောင်မြင်သကဲ့သို့ ကိုယ်ကူညီ၍လည်း တစ်ပါးသူအတွက်တိုးတက်မှုအဆင့်ဆင့် ဖြစ်ထွန်းမည်။ ဆုံးဖြတ်ချက်မှန်ကန်မည်။ အခက်အခဲဖြေရှင်းအဆင်ပြေမည်။ အတိုက်အခံကြားမှ တိုးတက်မည်။ ကာလအတန်ကြာ နှောင့်နှေးနေသောကိစ္စများကို ပြီးမြောက်အောင်ဖြေရှင်းနိုင်မည်။ မိသားစုတွင် လုပ်ငန်းတိုးတက်ခြင်း၊ ဥစ္စာတိုးပွားခြင်းများရှိမည်။ သူတစ်ပါး ပြဿနာ များကို လိုက်လံဖြေရှင်းရမည်။ ရသင့်လျက် ကြန့်ကြာနေသည့် အခွင့်အလမ်းများ လက်ဝယ်ပြန်လည် ရရှိမည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

January 29th မှ February 4th ကြား

စနစ်တကျလုပ်ကိုင်ထားသည့် ကိစ္စများအပေါ်ဖျက်ဆီးနှောင့်ယှက်သူများနှင့် တွေ့မည်။ ကိုယ်ကကောင်းသလောက်ကိုယ့်အပေါ်ကောင်းသူ တွေ့ရန်ခက်ခဲမည်။ လျှို့ဝှက်ထားသည်များ ပေါက်ကြားတတ်သည်။ ပေးခဲ့ဖူးသောကတိစကားကို အကြောင်းပြု၍ ဖြေရှင်းပေးရခြင်းရှိမည်။ မတော်တဆလဲပြို၍ အရိုးအဆစ်တွင်ထိခိုက်တတ်သည်။ ရပ်တန့်ဆိုင်းငံ့ထားသည်များကို ပြန်လုပ်ရမည်။ ခရီးကိစ္စများ ပြန်လည်ဆောင်ရွက်အဆင်ပြေမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ပတ်သက်သော အကျိုးဆက်ကောင်း များရရှိမည်။ အတွင်းလူသစ္စာဖောက်တတ်သည်။ မျှော်လင့်ထားသည်တစ်မျိုး၊ လက်တွေ့တစ်မျိုး ကြုံမည်။ မိဘအကြီးအ [illegible] များအဖို့ အဆင့်တိုးတက်ခြင်း၊ ရည်ရွယ်ချက် အောင်မြင်ခြင်းများ

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

January 29th မှ February 4th ကြား

အရွေးရခက်အောင် အခွင့်အရေးသစ်များပေါ်မည်။ အလုပ်အကြံအစည်တစ်ခုကို ဆောင်ရွက်ဆဲမပြီးမြောက်မီ အခြားလုပ်ငန်းများ ဆောင်ရွက်ရမည်။ ဆုံးဖြတ်ထားသည့်လုပ်နေဆဲကိစ္စအား တစ်ပါးအကြံအတိုင်းဆက်မလုပ်ဘဲ ရပ်တန့်နေမည်။ သူတစ်ပါးအကြံအတိုင်းလိုက်လံဆောင်ရွက်ခြင်းပြုလိမ့်မည်။ ထိုအသောအခါအမှားအယွင်းများနှင့်ကြုံမည်။ တွေဝေခြင်း၊ မပြတ်သားခြင်း၊ အမှန်အမှားခွဲခြားမှု အားနည်းခြင်းများကြောင့် စိတ်အနှောင့်အယှက်ဖြစ်နိုင်သည်။ ငွေဝင်ကောင်းလင့်ကစား ငွေမမြဲ။ မိမိကြောင့် မိသားစုတွင် စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ မျက်ရည်ကျရခြင်းမျိုးကြုံတတ်သည်။ ခွေးကိုက်ခံရတတ်သည်။ အမြတ်တနိုးထားသောပစ္စည်းများ ပျောက်တတ်သည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

January 29th မှ February 4th ကြား

အလုံးစုံအဆင်ပြေ၍ လုပ်ကိုင်သမျှ ထွန်းထွန်းပေါက်ပေါက်အဆင်ပြေမည်။ အလိုပြည့်မည်။ ကိုယ်ပိုင်အစွမ်းအစများအားစနစ်တကျ အကောင်အထည်ဖော်၍ ထင်ရှားသောတက်လမ်းများ အခိုင်အမာရရှိ မည်။ အနှောင့်အယှက်ပေးသူများအား ဖယ်ရှားနိုင်မည်။ ငွေကြေးမြှုပ်နှံပြီးဆောင်ရွက်သော ကိစ္စများမှ ထင်ရှားသောတက်လမ်းများရရှိမည်။ အလုပ်တိုးတက်မည်။ ငွေကြေးကံကောင်းမည်။ ရည်မှန်းချက်အောင်မည်။ လက်လွှန်ထားသောငွေများပြန်ရမည်။ အလှူမင်္ဂလာကိစ္စများဦးဆောင်ရမည်။ စာရွက်စာတမ်းကိစ္စစကားပြောဆိုရမည်။ ပြောရေး၊ ဆိုရေးအောင်မြင်မည်။ မေတ္တာရေး၊ အိမ်ထောင်ရေးကိစ္စကြုံတွေ့ရမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

January 29th မှ February 4th ကြား

အနှောင့်အယှက်များမည်။ စိတ်ပင်ပန်းစရာများ ကြုံမည်။ လူယုံထား၍မရ။ လုပ်ငန်းခွင်တွင် အကြီးအကဲ များ၏ ငြိုငြင်ခြင်းခံရတတ်သည်။ အလုပ်တွင် စိတ်ဝင်စားမှုနည်းခြင်းနှင့် သတိလက်လွတ်အမှားများဆောင်ရွက်မိ၍ ပြဿနာများဖြစ်တတ်သည်။ လူမှုရေး၊ မေတ္တာရေးကိစ္စများတွင် ကြားလူအနှောင့်အယှက်နှင့် ကုန်းချောစကားများ၊ အတင်းအဖျင်း ပြောဆိုမှုများခံရပြီး စိတ်ရှုပ်ရမည်။ အိမ်ထောင်သည်များ ဘေးစကားသွေးသား အနှောင့်အယှက်များကြောင့် အိမ်တွင်းရေးအညံ့များကြုံ တွေ့ရမည်။ ကျန်းမာရေးအညံ့ရှိတတ်သည်။ သွားနာ၊ သွားကိုက်ဖြစ်မည်။ အစာအိမ်၊ ဝမ်းဗိုက်ဒုက္ခပေး တတ်သည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

January 29th မှ February 4th ကြား

လုပ်နေသောကိစ္စများ တပိုင်းတစဖြစ်တတ်သည်။ တစ်ပါးသူကိစ္စများ လိုက်လံကူညီဆောင်ရွက်ရင်း ကိုယ့်အလုပ်ကိုယ်မလုပ်ဖြစ်။ ငွေကုန်အချိန်ကုန်မည်။ ထိုကဲ့သို့လုပ်ခြင်းအပေါ် ဝေဖန်ခံရခြင်းလည်း ကြုံမည်။ မတော်တဆထိခိုက်မှု အန္တရာယ်သတိရှိရမည်။ ကိုယ့်ဝန်းကျင်တွင် နာရေးကိစ္စပေါ်မည်။ အလုပ်ကိစ္စပိုများကြုံမည်။ လုပ်ရိုးလုပ်စဥ်မဟုတ်သော အထူးလုပ်ငန်းများကိုလုပ်နေ၍ ကိုယ့်ကိစ္စများ တစ်ပိုင်းတစ်စဖြစ်နေမည်။ ဆေးရုံဆေးခန်းသို့ရောက်ရှိမည်။ သူတစ်ပါးကျန်းမာရေးအတွက် လိုက်လံကူညီရင်း ကိုယ်တိုင်တွင်ကျန်းမာရေးအညံ့ကြုံမည်။ ငွေလာချေးသူပေါ်မည်။ မချေးပါနှင့်။ ငွေချေးက သေချာပေါက်ဆုံးမည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

January 29th မှ February 4th ကြား

ကျန်းမာရေးဂရုစိုက်ရမည်။ မတော်တဆထိခိုက်မှုအန္တရာယ် သတိရှိပါ။ သူတစ်ပါးနှင့်ဆက်စပ်ပြီး လုပ်သောလုပ်ငန်းများ အကျိုးပေးမည်။ ထူးခြားသောလုပ်ငန်းများ၊ ပရဟိတဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်ရမည်။ စုစည်းပေါင်းစပ်၍ ဆောင်ရွက်ခြင်းများမှ အထူးကောင်းကျိုးပေးခြင်းများ ဖြစ်မည်။ လုပ်ငန်းဟောင်းများရပ်၍ လုပ်ငန်းသစ်စတင်ရမည်။ အရွေးရခက်အောင် အခွင့်အရေးနှစ်ခုပေါ် တတ်သည်။ မီးဘေးအန္တရာယ် ဂရုစိုက်ပါ။ လျှပ်စစ်ပစ္စည်းများကို သတိနှင့်ကိုင်တွယ်ရမည်။ ပျိုရွယ်သူ များတွင် မေတ္တာရေးစန်းကောင်း၍ ရုတ်တရက် အိမ်ထောင်ကျတတ်သည်။ အပြိုင်အဆိုင်အားလုံးကို ကျော်၍ တက်လမ်းရမည်။ ယာဥ်ကားမောင်းနှင်သူများ အထူးသတိပြုပါ။ အနက်ရောင်ဝတ်ဆင်ခြင်း မပြုရ။ မျက်စိနှင့်ပတ်သက်သော ရောဂါဖြစ်မည်။ ချက်ချင်းကုသပါ။ မပေါ့ဆအပ်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

January 29th မှ February 4th ကြား

လုပ်ကိုင်ဆောင်ရွက်သောကိစ္စမှန်သမျှ အရှိန်အဟုန်လျော့ကျသွားမည်။ အတိုက်အခံများ၊ အနှောင့် အယှက်များနှင့် ထိပ်တိုက်တွေ့မည်။ ဦးတည်ဆောင်ရွက်သည့် ကိစ္စမှန်သမျှ၌ အတားအဆီးများရှိမည်။ သူတပါးကြောင့် မိမိရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ ပျက်ယွင်းခြင်းများ ရှိမည်။ အလောတကြီး ဝယ်ယူမှုများဖြစ်တတ်သည်။ ဝယ်ယူပြီးပစ္စည်း၊ လက်ဝယ်ပစ္စည်းများ တန်ဖိုးကျဆင်းတတ်သည်။ စက်ပစ္စည်းအပျက်အစီးများမည်။ ကျန်းမာရေးဂရုစိုက်ရမည်။ မတော်တဆထိခိုက်မှု ဖြစ်လွယ်သည်။ မူလရည်မှန်းထားသည်များနှင့် လက်တွေ့ဖြစ်လာသည်များ တလွဲတချော်ဖြစ်မည်။ သူတပါးအပေါ် ယုံကြည်လွှဲအပ်ပြီးလုပ်သော လုပ်ငန်းသည်လည်းကောင်း၊ အားကိုးအားထားပြုသည်များသည် လည်းကောင်း စိတ်အနှောင့်အယှက်ဖြစ်ခြင်းနှင့် ကသိကအောက်ဖြစ်ခြင်းများကြုံနိုင်သည်။ လူယုံဒုက္ခ ပေးတတ်သည်။

**ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)**

January 29th မှ February 4th ကြား

အကြံသစ် ရည်ရွယ်ချက်သစ်များ အောင်မြင်မည်။ ရည်ရွယ်ချက်မြင့်မြင့်မားမားထားပြီး လမ်းသစ်ထွင်၍ လုပ်ကိုင်ခြင်းမှ တိုးတက်အောင်မြင်မှုကို အခိုင်အမာရမည်။ ဆုံးဖြတ်ပြီးရှေ့တိုးဆောင်ရွက်သည့် လုပ်ငန်းကိစ္စမှန်သမျှကို ပြန်လည်စဉ်းစားခြင်း၊ ဦးတည်ချက်ပြောင်းလဲခြင်း မပြုပါနှင့်။ မည်မျှခက်ခဲသော အကြောင်းအရာနှင့် ကြုံစေရှေ့တိုးဆောင်ရွက်သွားပါ။ အိုးအိမ်ကိစ္စနှင့် နေရာထိုင်ခင်းကိစ္စများ ပြောဆိုဆောင်ရွက်အဆင်ပြေမည်။ ပြင်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ တိုးချဲ့ခြင်း၊ ပုံစံသစ်ဖွဲ့စည်းခြင်းတို့ကို အလုပ်နေရာ နေအိမ်နေရာတို့တွင် ဆောင်ရွက်ခြင်းကြုံမည်။ ထိုကဲ့သို့ဖြစ်ပြီး ရက်ပိုင်းအတွင်း အလုပ်အကြံအစည်သစ်အောင်မည်။ အိမ်နေရာအပြောင်းအရွှေ့အတွက် စီစဉ်ခြင်းအောင်မြင်မည်။ အလုပ်သစ်၊ နေရာသစ်များသို့ ပြောင်းလဲတိုးချဲ့ခြင်းများ အောင်မြင်မည်။ ပြဿနာဟောင်းများ ဖြေရှင်း နိုင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။

**ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)**

January 29th မှ February 4th ကြား

တစ်ပြိုင်နက်တည်း လုပ်ငန်းနှစ်ခုကို လုပ်ကိုင်ပြီး တိုးတက်မည်။ ခက်ခဲသော ပြဿနာများကို ဖြေရှင်းနိုင်မည်။ တစ်ပိုင်းတစ်စဖြစ်နေသော အလုပ်ကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ ရန်ပဋိပက္ခ အခက်အခဲကြားမှ အလုပ်ဘဝတိုးတက်မှုများ လုပ်ကိုင်နိုင်သော အနေအထားရှိမည်။ ခရီးဝေး၊ နိုင်ငံရပ်ခြားနှင့် ဆက်နွယ်သောအလုပ်ရေးရာများတွင် ထူးခြားသော တိုးတက်မှုများ အခိုင်အမာဖြစ်ပေါ်မည်။ တွေဝေဒွိဟဖြစ်မှုကြောင့် အခွင့်ကောင်းတစ်ချို့ လက်တစ်လုံးခြား ဆုံးရှုံးတတ်သည်။ မိမိအပေါ်မနာလို သဝန်တိုသူများနှင့် ထိပ်တိုက်တွေ့ရတတ်သည်။ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး ပရိယာယ်အမျိုးမျိုးနှင့် ဆက်ဆံသူများကို ထိပ်တိုက်တွေ့မည်။ ငွေရေးကြေးရေးကိစ္စ၊ လူမှုရေးကိစ္စများတွင် ကြားဝင်၍ အာမခံခြင်း၊ တာဝန်ယူခြင်း မပြုသင့်။

## အားကစား

# ပြည်ထောင်စုနေ့အကြို ပြိုင်ကားမောင်း ပြိုင်ပွဲကို ပထမဦးဆုံးအကြိမ် ကျင်းပမည်

မြန်မာနိုင်ငံတွင် ပြည်ထောင်စုနေ့အကြို (Go Kart ) ပြိုင်ကားမောင်းပြိုင်ပွဲကြီးကို Galaxy Racing Karts Group က ကျင်းပသွားမည်ဖြစ်ကြောင်း ယင်းပြိုင်ပွဲကို ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့နယ်ရှိ Galaxy ပြိုင်ကားမောင်းကွင်း၌ ပြိုင်ပွဲကို ၇-၂-၂၀၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ " ပြိုင်ပွဲဝင်ကြေးကျပ် ၆၀၀၀၀ဖြစ်ပြီးလူဦးရေ ၃၀ခန့်သာ ကန့်သတ်ထားပါတယ်။ ပြိုင်ပွဲကိုလေးယောက်တစ်အုပ်စုစီခွဲပြီး လူရွေးပွဲ၊ ကွာတားဖိုင်နယ်၊ဆီမီးဖိုင်နယ်နဲ့ ဖိုင်နယ်ဆိုပြီးအဆင့်လေးဆင့်သတ်မှတ်ထားသလိုဆုကြေးအဖြစ်ပထမကျပ် ၁၀ သိန်း၊ဒုတိယကျပ်ငါးသိန်း၊ တတိယ ကျပ်သုံးသိန်းအပြင် နစ်သိမ့်ဆုနစ်ဆုအတွက် ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမှာပါ။ ဒါ့ပြင် ဆုအားလုံးအတွက်အထိမ်းအမှတ်ဖလားတွေပါ ပေးဖို့ရှိပြီး၊ ပထမ၊ ဒုတိယနဲ့တတိယ ဆုရသူတွေကို လည်ဆွဲဆုတံဆိပ်တွေဖြစ်တဲ့ ရွှေ၊ငွေ၊ကြေးတံဆိပ်တွေလည်း ပထမဆုံးအကြိမ်ပေးသွားပါမယ်။ အနည်းဆုံးပြိုင်ကားမောင်းဖူးချိန်မိနစ်၃၀ရှိထားပြီးတစ်ကြိမ်နဲ့အထက်ကြီးမားတဲ့ ထိခိုက်မှုမျိုးရှိမထားသူ ဘယ်သူမဆို အသက်အရွယ်ကန့်သတ်ချက်နဲ့ကျား၊ မ မရွေး လွတ်လပ်စွာ ဝင်ရောက် ယှဉ်ပြိုင်နိုင်ပါတယ်"ဟု Galaxy Racing Karts Group မှ ဦးအာင်နိုင်ဦးက ၁၈-၁-၂၀၁၀ရက်တွင်ပြောကြားသည်။မြန်မာနိုင်ငံ၌ပြုလုပ်ခဲ့ဖူးသည့်ပြိုင်ကားမောင်းပြိုင်ပွဲများတွင်ဒုတိယအကြိမ်ဖြစ်သော်လည်းပြည်ထောင်စုနေ့အကြိုအနေဖြင့်ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပထမဆုံးအကြိမ်ပြိုင်ပွဲကို ၂၀၀၉ခုနှစ်၊ဒီဇင်ဘာလကကျင်းပခဲ့ရာ ယှဉ်ပြိုင်သူ ဦးရေ ၂၀ ရှိခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲ၌အသုံးပြုမည့် ကားများမှာအင်ဂျင်ပါဝါ 100CC ရှိ ပြိုင်ကားများဖြစ်ကြောင်း၊ လက်ရှိတွင် ကားစီးရေ ၁၉ စီးရှိ၍ ယခုနှစ်အတွက် နောက်ထပ်အစီး ၂၀ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ ၂၈ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

# အနုပညာ

## အောင်မြင်ကျော်ကြား အနုပညာရှင်များရဲ့ လျှို့ဝှက်စား ဝိုင်းစုခိုင်သိန်း

မေး- သူငယ်ချင်းတွေကပေးထားတဲ့နာမည်နဲ့ လူမသိမခံချင်တဲ့အမူအကျင့်။ လျှို့ဝှက်ထားတဲ့မကောင်းတဲ့အမူအကျင့်။

ဖြေ- သူငယ်ချင်းတွေက ဘဲဥလို့ခေါ်ကြတယ်။ တစ်ခုခုဆိုရင် ရှုပ်ပြာရှုပ်ပြာလုပ်တတ်တယ်။ ကိုယ့်ရှေ့ကမှာရှိရင်တောင် ကိုယ်ကမမြင်ပဲကျော်သွားမှ နှုတ်မဆက်မိရင်မကောင်းဘူးလေ။ အဲ့ဒါတွေတော့မကြိုက်ဘူး။ တစ်ခါတလေဘာမှမဖြစ်ဘဲ စိတ်တိုတတ်တယ်။ ပြောရင်ဒေါသထွက်လွယ်တယ်။ ပြီးရင် ပျောက်သွားရော။ ဒေါသထွက်ပြီးရင် ချက်ခြင်းပြီးသွားရော။ ငယ်ငယ်တုန်းကက သူငယ်ချင်းတွေနဲ့ ရန်ဖြစ်တယ်။ ပြီးရင်မေ့သွားပြီးစကားတွေသွားပြောနေရော။ အခုအချိန်အထိ မပျောက်သေးဘူး။

မေး- အခုအချိန်အထိ လွှင့်မပစ်ပဲသိမ်းထားတဲ့လျှို့ဝှက်ပစ္စည်းနှင့် အနာဂတ်ရည်မှန်းချက်။

ဖြေ- ဟိုးငယ်ငယ်လေးထဲကကိုင်လာတဲ့ ကွန်ပါဘူး။ ကျောပိုးအိတ်လေးတွေတော့ရှိတယ်။ ငယ်ငယ်တုန်းက ချစ်စရာဟာလေးတွေဆို သိမ်းထားတယ်။ ရည်မှန်းချက်ကတော့ ကိုယ်ကအနုပညာအလုပ်လုပ်တဲ့အတွက် ဝါသနာလည်းပါတယ်။ အတတ်နိုင်ဆုံးကြိုးစားသွားမယ်။ ရည်မှန်းချက်ကို အောင်မြင်အောင် လုပ်သွားမယ်။

မေး- လျှို့ဝှက်ထားတဲ့မိသားစုနဲ့ ပတ်သက်ဆန္ဒ။

ဖြေ- မိသားစုကို တတ်နိုင်သမျှလုပ်ကျွေးပြုစုချင်တယ်။ ကိုယ့်လုပ်အားခနဲ့ပေါ့။ မိဘတွေက ဘယ်လောက်ပြည့်စုံပါတယ်ပြောပြော ကိုယ့်သားသမီး လုပ်ကျွေးတာတော့ ခံချင်ကြတယ်လေ။ မိဘတွေကို ပျော်ရွှင်အောင်ထားချင်တယ်။

မေး- လျှို့ဝှက်ထားတဲ့အနေချင်ဆုံးဘဝ။

ဖြေ- မိသားစုနဲ့ တစ်သက်လုံးအေးအေးချမ်းချမ်းနေချင်တယ်။ အဲ့ဒီလိုနေရတာလေးကိုလည်းကြိုက်တယ်။

(၂၀၁၀ခုနှစ်ဇန်နဝါရီလ ၂၉ရက်နေ့ထုတ် 8Daysဂျာနယ်)

## <u>ရီဝေယံ၏ ဘဝအတွက်အမှတ်တရ</u>

ဘဝမှာအမှတ်တရတွေက အများကြီးပဲ မမေ့နိုင်တဲ့အမှတ်တရဆို ငယ်ငယ်ကနွေကျောင်းပိတ်ရက်တွေကို သတိရတယ်။ ငယ်ငယ်တုန်းက နွေကျောင်းပိတ်ပြီ ဆို အဖေကတစ်နေရာမဟုတ်တစ်နေရာလိုက်ပို့တယ်။ ဒီနှစ်ကို အဖေကတောင်ကြီးပို့တယ်ဆို နောက်နှစ်ပေလီ၊ ပုဂံအဲလိုမျိုးတွေလိုက်ပို့တာလေ။ ခုကြီးလာတော့ အဲ့ဒီလိုတွေမသွားဖြစ်တော့ဘူး၊ အလုပ်နဲ့ပတ်သက်ပြီး တစ်ခါတစ်လေနှစ်တိုင်း နွေရာသီမှာပြင်ဦးလွင်မှာချည်းပဲရှိနေတတ်တာမျိုး တစ်နေရာတည်းကို နှစ်တိုင်း ဒီအချိန်မှာဘဲရောက်ဖြစ်နေတာမျိုးတွေရှိတော့ ငယ်ငယ်ကနွေရာသီကျောင်းပိတ်ရက်တွေက ဘဝအတွက်အမှတ်တရပဲ။ ပြီးတော့ ငယ်ငယ်တုန်းကဆို တောထဲတောင်ထဲသွားစခန်းတွေဆောက်ပြီး သေနတ်ပစ်တမ်းကစားကြတယ်လေ။ ရန်ကုန်က ကလေးတွေက အဲဒီလိုမျိုးကစားကြတာမျိုးမရှိကြနော်။ အဲဒါမျိုး လေးတွေသတိရတယ်။ နောက်ဇာတ်ကားရိုက်တယ်ဆိုလည်း ကိုယ်တွေစရိုက်တုန်းက ဇာတ်ညွှန်းစာအုပ်ကြီးတွေပေးပြီးတော့ ဖတ်ရတယ်။ ဘယ်အခန်းမှာ ဘယ်သူကဘယ်လိုသရုပ်ဆောင်ရမယ်ဆိုပြီးတော့လေ။ ခုကျတော့ အဲ့ဒီလိုဇာတ်ညွှန်းစာအုပ်တွေ ပေးတာမျိုးမရှိတော့ဘူး။ ဒီအတိုင်းပဲ ဇာတ်လမ်းပြောရင်းနဲ့ ရိုက်တယ်။ တစ်ခါတစ်လေပြန်စဉ်းစားကြည့်ရင်၊ သြော်ကိုယ်တွေတုန်းက ဒီလိုရိုက်ခဲ့ရတာပါလားဆိုတဲ့အမှတ်တရမျိုး ဖြစ်မိတာပေါ့။ အမှားဆိုတာတော့ ကြီးကြီးမားမားမရှိပါဘူး။ သေးသေးဖွဲဖွဲလေးတွေပါ။ ဘယ်လိုလဲဆို Supermarket တွေသွားတဲ့အခါ ကိုယ်ယူမယ်လို့တွေးထားတာကပစ္စည်းတစ်မျိုး ယူလိုက်မိတာက တစ်မျိုးဖြစ်ဖြစ်နေတယ်။ အဲဒါမျိုးမဖြစ်စေရဘူးလို တွေးပေမယ့် အကြိမ်တော်တော်များများဖြစ်ဖြစ်နေတယ်။

(၂၀၁၀ခုနှစ်ဇန်နဝါရီလ ၂၉ရက်နေ့ထုတ် 8Daysဂျာနယ်)